မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၀၄)

၁၂၇၃ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် — ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ တနင်္လာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူလူထုကို ဗဟိုပြုသော လုပ်ရှားမှုများလုပ်မည်

ပြည်သူလူထုအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန်လို

မြစ်ကြီးနား ဩဂုတ် ၄

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးညဏ်ထွန်းအောင်တို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ တွေ့ဆုံပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးကော်မတီများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို မြို့တော်ခန်းမ၌ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ ပြည်သူလူထု၏ လိုအပ်ချက်များကိုအခြေခံ၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ အခက်အခဲများလည်းရှိခဲ့ကြောင်း၊ နှစ်နှစ်ကာလတစ်ခုအတွင်း တိုးတက်အောင်မြင်မှုများအချို့ရှိခဲ့ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာမှာ ကန့်သတ်ချက်များလည်းရှိကြောင်း၊ တစ်ပြိုင်တည်း ပြောင်းလဲဆောင်ရွက်နေသော်လည်း နှေးကွေးနေသည်ဟုထင်ရကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူလူထုကိုဗဟိုပြုသော လှုပ်ရှားမှုများလုပ်မည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများနှင့်တိုင်ပင်ပြီး ပြည်သူလူထုအခြေပြုသော

စာမျက်နှာ ၇ ကော်လံ ၁ ●

လေဘေးသင့်ရွာနှစ်ရွာမှ ပြည်သူများအတွက် နေအိမ်များဆောက်လုပ်ပေး

မော်လမြိုင်ကျွန်း ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီးလပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ဂရမ်းအရှေ့ကျေးရွာနှင့် သုံးအိမ်တန်းကျေးရွာ လေဘေးသင့်ပြည်သူများ အမြန်ဆုံး အမိုးအကာအောက် ရောက်ရှိစေရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်များ၏ ပေါင်းစပ်လှူဒါန်းမှုများဖြင့် ကျေးရွာပြန်လည်တည်ဆောက်ရေးကော်မတီက ဦးဆောင်ပြီး လေဘေးသင့် လူနေအိမ်များ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို ဩဂုတ် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြရာ ကျေးရွာနှစ်ရွာရှိ လေဘေးသင့်လူနေအိမ် ၁၉ လုံးအနက် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီအထိ ပြိုကျပျက်စီး လေဘေးသင့်လူနေအိမ် ၁၄ လုံးမှာ ပြန်လည်ပြုပြင်တည်ဆောက်ပြီး လေဘေးသင့်ပြည်သူများ အမိုးအကာအောက်တွင် ပြန်လည်နေထိုင်ကြပြီ ဖြစ်သည်။

ထို့အပြင် အမိုးအကာအောက် မရောက်ရှိသေးသော ကျန်ရှိသည့် ပြိုကျပျက်စီးလူနေအိမ်ငယ်ငါးလုံးကိုလည်း ကျေးရွာပြန်လည်တည်ဆောက်ရေး

စာမျက်နှာ ၇ ကော်လံ ၁ ❍

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သင်တန်းသားများကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေး

စီမံကိန်းပြီးပါက စက်မှုလုပ်ငန်းသုံးဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်သွားမည်

နေပြည်တော် ဩဂုတ် ၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီးရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏စီမံကိန်း အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

အမှတ်(၁) သံမဏိစက်ရုံပထမအဆင့် အဖြစ် Steel Rolling Millနှင့် Steel Plate Mill တို့အတွက် လိုအပ်သော အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့် Steel Billets နှင့် Slabs များ တစ်နှစ်လျှင် တန်ချိန် (၂၀၀၀၀၀) ထုတ်လုပ်ပေးနိုင်ရန် အီတလီနိုင်ငံမှ Danieli ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ဒုတိယအဆင့်နှင့် တတိယအဆင့်တို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းများပြီးစီးသွားပါက

စာမျက်နှာ ၇ ကော်လံ ၁ ▲

မလေးရှားရောက်မြန်မာများအတွက် မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနကြေညာချက်ထပ်မံထုတ်ပြန် စာမျက်နှာ ၁၃

ယနေ့ မာတိကာ

မွေးရာပါ ခြေခွင်ကလေးများကို ဆောလျင်စွာ ကုသနိုင်ပါက နဂိုမူလပုံမှန် ခြေထောက်ပြန်ရနိုင် စာ-၃

အီရန်သမ္မတသစ် ဟတ်ဆန်ရိုဟာနီ ကျမ်းသစ္စာကျိန်ဆို စာ-၄

ကျွန်တော်နဲ့ ပဋိပက္ခဖြေရှင်းမှု (ဆောင်းပါး) စာ-၆

ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် ကျွန်းပင်များစိုက်ပျိုး စာ-၁၀

ကြိမ်ပင်ဆည်-စကျော့လမ်းနှင့်ဗိုလ်မြတ်ထွန်းတံတားသစ် ကုန်တင်ကားများ ဖြတ်သန်းမောင်းနှင်ပါက တရားစွဲမည်ဟုဆို စာ-၁၂

တစ်ရက် ဆန်အိတ်ရေ ငါးသောင်းကျော် ဝင်နေ၊ ဆန်ဈေးပုံမှန်ဖြစ်လာ စာ-၁၅

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ စာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သဘာဝဘေးနှင့် ရောဂါဘေး

လွန်ခဲ့သောရက်များကမြန်မာနိုင်ငံဒေသအချို့တွင် မုတ်သုံမိုးများ အဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် လည်းကောင်း၊ မြစ်ရေလျှံခြင်းကြောင့် လည်းကောင်း ဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါသည်။ ဤသဘာဝဘေး၏ နောက်ဆက်တွဲ ဖြစ်ပွားနိုင်သည့်ဘေးမှာ ရောဂါဘယများ ဖြစ်ပွားနိုင်သော ရောဂါဘေး ဖြစ်ပါသည်။

ထိုသို့ သဘာဝဘေး ကျရောက်ဖြစ်ပွားစဉ် မြစ်ရေလျှံ၊ ရေကြီးရေလျှံမှုနှင့်အတူ မိလ္လာရေများ၊ ညစ်ညမ်းစက်သုံးဆီများနှင့် အခြားသော ညစ်ညမ်းရေများရောပါပြီး ရေတွင်းရေကန်များ ညစ်ညမ်းနေတတ်ပါသည်။ ထိုသို့ မသန့်ရှင်းသောရေများ သုံးစွဲမိပါက ဝမ်းရောဂါနှင့် အရေပြားဆိုင်ရာ အနာရောဂါများ ဖြစ်ပွားတတ်ပါသည်။

ထို့အပြင် သဘာဝဘေး၏ နောက်ဆက်တွဲအဖြစ် မြေပြိုခြင်း၊ တိုက်ပြို၊ အိမ်ပြိုမှုများဖြစ်ခြင်း၊ သစ်ပင်နှင့် ဓာတ်တိုင်များလဲပြိုကျခြင်းစသော ဘေးအန္တရာယ်များလည်း ဖြစ်ပွားနိုင်ပါသည်။ အောက်ခံမြေသားများသည် ရေနှင့် အချိန်ကာလကြာရှည်စွာ ထိတွေ့သဖြင့် နူးပျော့ကာ အဆောက်အအုံများ ပြိုကျတတ်ပါသည်။

အထူးသဖြင့် ရေဘေးကြုံတွေ့ရာ ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေနှင့် အများသုံး မိလ္လာစနစ်များ သန့်ရှင်းရန် လိုအပ်ပါသည်။ ရေကိုကျိုချက်သောက်သုံးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ မသန့်ရှင်းသောရေမှတစ်ဆင့် ရောဂါဘယများ ကူးစက်ဖြစ်ပွားတတ်ပါသည်။ ရေကြောင့် ကူးစက်ဖြစ်ပွားတတ်သောရောဂါများကို အထူးသတိပြု ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

အကယ်၍ ရောဂါတစ်ခုခုဖြစ်ပွားပြီဆိုလျှင် ထိရောက်စွာ ကုသမှုခံယူရန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဟူမူ ကူးစက်ရောဂါဖြစ်နေပါက အချိန်မီထိန်းချုပ်နိုင်ရန် ဖြစ်ပါသည်။ ရောဂါတစ်ခုသည် မိမိသာမက အတူရှိနေသော လူအများစုကိုပါ ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ဝမ်းရောဂါသည် အများဆုံးဖြစ်ပွားနိုင်ခြေရှိပါသည်။ရေဘေးကြုံတွေ့နေသောဒေသများ၌ လူတိုင်းက ကျန်းမာရေးအသိစိတ်ဖြင့် တစ်ဦးကိုတစ်ဦး ကူညီပေးကြရန် လိုအပ်သည်။ အထူးသဖြင့် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ကျန်းမာရေးတာဝန်ရှိသူများက ရေဘေးဒုက္ခကြုံဒေသများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် မိလ္လာစနစ်များ ကောင်းမွန်လုံလောက်စွာ ဖြည့်ဆည်းပေးရန်လိုအပ်သည်။ သို့မှသာ ဖြစ်ပွားလာနိုင်သည့် ရောဂါဘယများကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်သည်။

ရေဘေးကြုံပြည်သူများအနေဖြင့် မိမိတို့နေအိမ်များသို့ ရေပြန်ကျသွားပြီး ပြန်လည်ဝင်ရောက် နေထိုင်သည့်အခါ နေအိမ်အဆောက်အအုံများ ကြံ့ခိုင်မှု ရှိ၊ မရှိ သေချာစွာစစ်ဆေးပြီးမှ ဝင်ရောက်နေထိုင်သင့်ပါသည်။ ထိုသို့မဟုတ်ပါက ကြံ့ခိုင်မှုအားနည်းသော အဆောက်အအုံများဖြစ်နေလျှင် ပြိုကျနိုင်ပါသည်။ ယင်းအချက်သည် အထူးသတိပြု ဆောင်ရွက်သင့်သည့်အချက်ဖြစ်ပါသည်။

သို့ဖြစ်၍ ရေဘေးဒုက္ခကြုံတွေ့ရာ ဒေသများ၌ နောက်ဆက်တွဲရောဂါဘယဘေးများ မဖြစ်ပွားရလေအောင် ဒေသဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့များ၊ လူမှုကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ နိုးကြားတက်ကြွသော ကျန်းမာရေးအသိစိတ်ဖြင့် ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

လူ့အခွင့်အရေးဆိုင်ရာများ ကွင်းဆင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် သြဂုတ် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌တွေ့ဆုံပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာများကို ပြည်သူလူထုအတွင်း ကွင်းဆင်းဆောင်ရွက်ရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

Yangon ICT Fair ဖွင့်လှစ်ပြသ

ရန်ကုန် သြဂုတ် ၄

Yangon ICT Fair (Computer & Mobile-2013) ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၂ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပြခန်းအတွင်း ကြည့်ရှုအားပေးကြသည်။

ပြသ

ပြပွဲတွင် ကုမ္ပဏီပေါင်း ၅၆ ခုမှ ပြခန်းပေါင်း ၁၆၀ တို့ဖြင့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ Mobile ဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို သြဂုတ် ၄ ရက်အထိ ဖွင့်လှစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်မှုသင်တန်းဖွင့်

ညောင်လေးပင် သြဂုတ် ၄

တောင်သူများ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုနှင့် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ရေးအတွက် ဗဟုသုတရရှိစေရန် ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက ညောင်လေးပင်မြို့နယ် ဇီးကုန်းကြီးစံပြကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးလှုမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ ကျော်တက်ရောက်ပြီး သင်တန်းကို ၁၂ ရက်ကြာ စာတွေ့လက်တွေ့ ဖွင့်လှစ် သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကျိုင်းတုံတက္ကသိုလ်၌ မူးယစ်နှင့် ယာဉ်စည်းကမ်းပညာပေး

ကျိုင်းတုံ သြဂုတ် ၄

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံး ကျိုင်းတုံမြို့က ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် ကျိုင်းတုံတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားရရှိစေရေးရည်ရွယ်ချက်ဖြင့် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို သြဂုတ် ၁ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံတက္ကသိုလ်၌ ကျင်းပရာ ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်းက မှုခင်းကျဆင်းရေးဆိုင်ရာအကြောင်း ဟောပြောခဲ့ပြီး ကျိုင်းတုံမူးယစ်(အထူး)အဖွဲ့မှ တာဝန်ခံအရာရှိ ဒုတိယရဲမှူးကျော်ဆွေက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ အမှတ်(၆၄)ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးအောင်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်း၊ တွဲဖက်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူးရုံးမှ ယာဉ်စစ်ဆေးရေးမှူးဦးအောင်မိုးက လမ်းညွှန်အမှတ်အသားများဆိုင်ရာအကြောင်းနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်မိမိကိုက လူကုန်ကူးမှုဆိုင်ရာအကြောင်းတို့ကို ဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

ရေမြောင်းများပိတ်ဆို့နေသဖြင့် ရေနစ်မြုပ်မှုဖြစ်နေရ

ထင်သာမြင်သာ ပြုပြင်စရာ

ပိန်းဇလုပ် ကျေးရွာအုပ်စုရှိ ရပ်ကွက်အချို့တွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါတိုင်း စည်ပင်ဈေးမြောက်ပိုင်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် စာတိုက်လမ်း၊ ဘူတာလမ်း၊ မြေနိမ့်ပိုင်း နေရာအချို့ ရေနစ်မြုပ်မှုများ ဖြစ်လေ့ရှိခြင်းမှာ ရေနုတ်မြောင်းများ စနစ်ကျနမှုမရှိတော့ခြင်းနှင့် ရပ်ကွက်နေ ပြည်သူအချို့ အိမ်ရှေ့ရေနုတ်မြောင်းများကို မြေဖို့ပိတ်ဆို့ထားခြင်းတို့ကြောင့် ရေမြောင်းများပိတ်ဆို့ကာ မိုးရွာသွန်းလျှင် ရေထွက်ပေါက်မရှိတော့ဘဲ မြေနိမ့်သောနေရာများ ရေနစ်မြုပ်မှု ဖြစ်ပေါ်နေသည်။

"ကျွန်တော်တို့ရွာရဲ့ ရေနုတ်မြောင်းတွေဟာ ယခင်ယခင် ကတည်းက ရပ်ကွက်တိုင်းမှာ သူ့နေရာနှင့်သူ ရှိနေတာပါ။ အခု နေအိမ်တွေ ဆောက်လုပ်တဲ့အခါမှာ သူ့ထက်ငါ အပြိုင်အဆိုင်မြေဖို့ကြရာမှ ရေနုတ်မြောင်းတွေကိုပါ ဖို့ပစ်လိုက်ကြတော့ ရေနုတ်မြောင်းမရှိတော့ဘဲ နိမ့်တဲ့လမ်း၊ ကျောင်းအချို့၊ ဈေးတွေမှာ ရေဝင်နေတယ်။ နေအိမ်အသစ်ဆောက်လုပ်ဖို့အတွက် မြေဖို့ရာမှာ စနစ်တကျ ရှိစေဖို့၊ အများပြည်သူပိုင်လမ်းတွေကို မထိခိုက်စေဖို့၊ ရေနုတ်မြောင်းတွေ မပိတ်ဆို့စေဖို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေက စစ်ဆေးဆောင်ရွက်သင့်ပြီး ပြည်သူတွေအနေနဲ့လည်း ကိုယ့်ကိုယ်ကျိုးသာကြည့်ပြီး အများပြည်သူထိခိုက်စေမယ့်အပြုအမူတွေကို မဆောင်ရွက်သင့်ပါဘူး" ဟု မြောက်ပိုင်းရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောပြသည်။

"မိုးနည်းနည်းရွာတာနဲ့ မြေနိမ့်ပိုင်းရောက်တဲ့နေရာတွေကို ရေဝင်ရောက်တော့တာပါပဲ။ စည်းကမ်းမဲ့ အမှိုက်ပစ်သူတွေကြောင့်လည်း ရေနုတ်မြောင်းတွေဟာ အမှိုက်တွေနဲ့ ပိတ်ဆို့နေတော့ ပိုဆိုးကုန်တာပေါ့။ လမ်းတွေမှာလည်း ရေတင်တော့ ပျက်စီးမှုတွေဖြစ်လာပြီး သွားလာမှုအခက်ကြုံနေရတယ်" ဟု ပိန်းဇလုပ်ကျေးရွာအုပ်စုနေ ရပ်မိရပ်ဖတစ်ဦးက ထပ်မံရှင်းလင်းပြောကြားသည်။

ပိန်းဇလုပ်(သိန်းညွန့်)

အရိပ်လည်းရ
ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

မုဒ္ဒဂလ္လာ အဖွဲ့၏ ဘုရားဖူးခရီးစဉ်များ
950 USD + ၅၀၀၀ဝ/-
850 USD + ၅၀၀၀ဝ/-
1550 USD + ၅၀၀၀ဝ/-
ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
ဖုန်း - 545215, 545216, 555173
ဖုန်း - 542236
ဖုန်း - 09 402 64 8989, 09 5300305

ပြည်တွင်းသတင်း

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်များအတွက် အာရှပစိဖိတ်/ကမ္ဘာ့အမျိုးသမီးကင်းထောက်သင်တန်းသို့ မြန်မာနိုင်ငံကင်းထောက်ကြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ လာရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၄

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်များအတွက် အာရှပစိဖိတ်/ကမ္ဘာ့အမျိုးသမီး ကင်းထောက်သင်တန်းသို့ မြန်မာနိုင်ငံကင်းထောက်ကြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ**(ယာပုံ)**သည် ယနေ့မွန်းလွဲပိုင်းတွင် သင်တန်းဖွင့်လှစ်ရာ ရန်ကုန်မြို့ အောက်ကြည့်မြင်တိုင်လမ်းရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း အလုံမြို့နယ်သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့(ယာယီ)ဥက္ကဋ္ဌ ဦးတင်ညို၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့အမျိုးသမီး ကင်းထောက်ညွှန်ကြားရေးမှူး Ms. Ching Ching We Ong (မစ်ချင်ချင်ဝီအုန်း) ခေါင်းဆောင်သော နိုင်ငံတကာကင်းထောက် သင်တန်းဆရာမများက ကြိုဆိုကြသည်။

လိုက်လံကြည့်ရှု

မြန်မာနိုင်ငံ ကင်းထောက်ကြီး ဦးနန္ဒကျော်စွာသည် ကျောင်းအားကစားကွင်းအတွင်း အစုအဖွဲ့လိုက် လက်တွေ့ဆောင်ရွက်နေကြသည့် ကင်းထောက်သင်တန်းလုပ်ငန်းများအား ကြည့်ရှုပြီး သီရိရတနာခန်းမအတွင်း ကင်းထောက်လှုပ်ရှားမှုပြခန်း မှတ်တမ်းများ၊ ကင်းထောက်ပစ္စည်းများအား လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ သင်တန်းသူများဖြစ်ကြသည့် မြန်မာနိုင်ငံအရပ်ရပ်မှ အမျိုးသမီး ကင်းထောက်များအား ကင်းထောက်လုပ်ငန်းအကြောင်းနှင့် ကင်းထောက်အတွေ့အကြုံများအား အကျယ်တဝင့် ဆွေးနွေးပို့ချပြီး သင်တန်းတွင် လာရောက်ပို့ချသည့် အာရှပစိဖိတ်/ကမ္ဘာ့အမျိုးသမီး ကင်းထောက်များအား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။

အဆိုပါ ကင်းထောက်သင်တန်းအား ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထန်းတပင်မြို့နယ် လှည်းဆိပ် - ကြာအင်း လမ်းဖောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ် မနောဟရီကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ)၏ ဩဝါဒခံယူပြီး စေတနာရှင် အလှူရှင် ကျေးရွာသူ ကျေးရွာသားများသည် လှည်းဆိပ်-ကြာအင်း လမ်းဖောက်လုပ်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ မြို့နယ် ရေပေါ်သောင်ကားလမ်း လှည်းဆိပ်လမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှည်းဆိပ် မနောဟရီကျောင်းတိုက် ပဓာန နာယကဆရာတော်ကြီးက ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် လှည်းဆိပ်-ကြာအင်း လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလေးမြင့်က အလှူငွေရရှိမှုများကို ရှင်းလင်းလျှောက်ထားပြီး ထန်းတပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရကကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် အလှူရှင်ကျေးရွာသူ ကျေးရွာသားများ၊ စေတနာရှင်များက လှည်းဆိပ်-ကြာအင်းလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌထံ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

လှည်းဆိပ်-ကြာအင်းလမ်းသည် မျက်နှာပြင် ၂၄ ပေအကျယ် တာမြေသားလမ်းဖြစ်သည်။ အဆိုပါ မြေသားပေါ်တွင် မော်တော်ယာဉ်မောင်းနှင်နိုင်ရန် ဝဲယာတို့၌ သုံးပေစီအကျယ် ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းဖောက်လုပ်မည်ဖြစ်သည်။ လမ်းအရှည် သုံးမိုင်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆရာတော်ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ)ဦးဆောင်မှုဖြင့် ကျေးရွာသူ ကျေးရွာသား အလှူရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် အဆိုပါလမ်းကို ပြုပြင်ဆောင်ရွက်ခဲ့ရာ တစ်မိုင်သာ ကွန်ကရစ်ခင်းပြီးစီးခဲ့သည်။ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်သိန်း ၁၀၀ နှင့် ဘိလပ်မြေအိတ် ၃၀၀၀ ပံ့ပိုးကူညီမှုကြောင့် ခြောက်ဖာလုံကျော် ပြီးစီးခဲ့သည်။ ကျန်ရှိနေသေးသော တစ်မိုင် လေးဖာလုံကို ကွန်ကရစ်လမ်း ဆက်လက်ခင်းရန် အလှူရှင်များက ငွေကျပ်သိန်း ၈၀ ကျော်ကို ယနေ့ထပ်မံလှူဒါန်းခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင် မြို့နယ် လှည်းဆိပ်- ကြာအင်းလမ်းဖောက်လုပ်ပြီးစီးမှုအပိုင်းတွင် ကျေးရွာဒေသခံ ပြည်သူများစက်ဘီး၊ ဆိုင်ကယ် များ ဖြင့် သွားလာနေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

မွေးရာပါ ခြေခွင်ကလေးများကို ဆောလျင်စွာ ကုသနိုင်ပါက နဂိုမူလပုံမှန် ခြေထောက်ပြန်ရနိုင်

ပုသိမ် ဩဂုတ် ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်)နှင့် ဩစတြေးလျနိုင်ငံမှ ဂလင်ကို ဖောင်ဒေးရှင်း (Glenco Foundation)တို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မွေးရာပါ ခြေခွင်ကလေးများအား အခမဲ့ဆေးကုသပေးရန် Walk For Life လုပ်ငန်းဆောင်ရွက်မည့် စီမံချက်နှင့် ကုသနည်းများကို ဇူလိုင် ၃၁ ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်) အစည်းအဝေးခန်း၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်) ဥက္ကဋ္ဌ အရိုးကုဆရာဝန်ကြီး ဒေါက်တာဦးကြည်ဖေက မွေးရာပါခြေခွင်ကလေးများကို ဆောလျင်စွာ ကုသနိုင်ပါက နဂိုမူလ ပုံမှန်ခြေထောက် ပြန်ရနိုင်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ ဂလင်ကိုဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Colin Macfarline နှင့် အရိုးကုဆရာဝန်ကြီး Dr. Paul Wade က Ponseti Method ဖြင့် ခြေခွင်လူနာများကို ကုသပေးနိုင်ကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ဆရာဝန်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာချိုမာလွင်က မွေးကင်းစကလေးများ ရှေးဦးပြုစုစောင့်ရှောက်နည်းကို ဟောပြောဆွေးနွေးခဲ့သည်။ **ဖိုးသက်**

ဘင်္ဂလားပင်လယ်အော်အခြေအနေ

၄-၈-၂၀၁၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ယနေ့ မိုးလေဝသ အခြေအနေ

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

နိုင်ငံတကာသတင်း

အီရန်သမ္မတသစ် ဟတ်ဆန်ရိုဟာနီ ကျမ်းသစ္စာကျိန်ဆို

တီဟီရန် ဩဂုတ် ၄

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမိနီသည် အီရန်သမ္မတအဖြစ် ဟတ်ဆန်ရိုဟာနီအား တရားဝင်အသိအမှတ်ပြုပြီး တီဟီရန်မြို့တော်ရှိ ပါလီမန်၌ ဩဂုတ် ၄ ရက်က သမ္မတ ဟတ်ဆန် ရိုဟာနီက ကျမ်းသစ္စာကျိန်ဆိုကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

လာမည့် ရက်အနည်းငယ်အတွင်း ဝန်ကြီးအဖွဲ့ ဖွဲ့စည်းရမည့် သမ္မတသစ် ရိုဟာနီက နိုင်ငံရေးနယ်ပယ်စုံမှ ပုဂ္ဂိုလ်များကိုရွေးချယ်ကာ အစိုးရအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ကျမ်းသစ္စာကျိန်ဆိုရာ၌ ကိုရ်အာမ်ကျမ်းကို ရင်ဝယ်ပိုက်ပြီး နိုင်ငံတော်၏ ရှေ့မှောက်တွင် ကျိန်ဆိုပါကြောင်း၊ နိုင်ငံ၏တရားဝင်ဘာသာကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု သစ္စာဆိုပါကြောင်း၊ ထို့ပြင် အီရန်နိုင်ငံတော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း ပြည်တွင်းပြည်ပ ဧည့်သည်တော်ကြီးများရှေ့မှောက်တွင် ကျမ်းကျိန်သစ္စာပြုခဲ့သည်။

အီရန်သမ္မတသစ် ဟတ်ဆန် ရိုဟာနီ။

ဇွန်လရွေးကောက်ပွဲအတွင်း ကွန်ဆာဗေးတစ်ပြိုင်ဘက်များကို နေရာအတော်များများ၌ ယှဉ်ပြိုင်အနိုင်ရခဲ့သူ ရိုဟာနီက ချူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး အီရန်စီးပွားရေးကို နိုင်ငံတကာမှ ပိတ်ဆို့ထားမှုများ ဖြေလျှော့ပေးနိုင်ရေးအတွက် ထိပ်တိုက်ရင်ဆိုင်မှုဝါဒကို နည်းနိုင်သမျှနည်းစွာ ကျင့်သုံးသွားမည်ဟုလည်း ကတိပေးခဲ့သည်။

ရိုဟာနီသည် အီရန်နိုင်ငံ၌ စစ်ဘက်ရာထူးကြီးကြီးဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ၁၉၇၉ ခုနှစ် အစ္စလာမ်တော်လှန်ရေးပြီးနောက် လုံခြုံရေးတာဝန်ယူခဲ့သော အစ္စလာမ္မစ်ဝါဒီ အမာခံတစ်ဦးဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အနောက်နိုင်ငံများ၏ ဖိအားများ ရှိနေသည့်နည်းတူ ပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံ စီးပွားရေးချည့်နဲ့နေခြင်းနှင့် ယခင်အစိုးရလက်ထက်ကာလက ဖြန်းတီးခဲ့မှုများသည် အီရန်သမ္မတသစ်အတွက် ရင်ဆိုင်ကြုံတွေ့ရမည့် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်သည်။

ထို့ပြင်လည်း ပါလီမန်အတွင်း စိုးမိုးခြယ်လှယ်နေသော ဩဇာရှိသူများ၏ တောင်းဆိုမှုများနှင့် ၎င်းအနိုင်ရရေးကူညီထောက်ပံ့ခဲ့သော ပြင်ပနိုင်ငံရေး ပြုပြင်ပြောင်းလဲရေးဝါဒီများအကြား ဟန်ချက်ညီစွာ ထိန်းမတ်သွားနိုင်ရေးလည်း ကြိုးစားသွားရမည်ဖြစ်ကြောင်း ရိုက်တာသတင်းက ဖော်ပြခဲ့သည်။

(ရိုက်တာ)

တရုတ်ဘာသာသင်ကျောင်း ကမ္ဘာတစ်ဝန်း ၂၀၀၀၀ ခန့်ရှိ

ပေကျင်း ဩဂုတ် ၄

ကမ္ဘာတစ်ဝန်းလုံးတွင် တရုတ်ဘာသာစကားပြော သင်တန်းကျောင်းပေါင်း ၂၀၀၀၀ ခန့်ရှိပြီး ကျောင်းသားကျောင်းသူဦးရေသည် တစ်သန်းကျော်ရှိကြောင်း အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၃ ရက်က ပြောကြားသည်။

တရုတ်စကားသင်ဆရာ ဆရာမဦးရေသည် တစ်သိန်းအထက်တွင် ရှိနေကြောင်း နိုင်ငံရပ်ခြား တရုတ်နိုင်ငံရေးရာကောင်စီက ပြောကြားသည်။ အခြားသောနိုင်ငံ ၁၇၀ ကျော်နှင့် အခြားသောဒေသများတွင် ရောက်ရှိနေသော တရုတ်လူမျိုးဦးရေသည် သန်း ၅၀ ရှိပြီး ၎င်းတရုတ်လူမျိုးများက မိခင်ဘာသာစကားပြော သင်တန်းကျောင်းများနှင့် တရုတ်ရိုးရာဓလေ့ထုံးစံများ ပျံ့နှံ့စေရေးတွင် ပါဝင်ဆောင်ရွက်ပေးနေကြကြောင်း ယင်းကောင်စီက ဆိုသည်။

တရုတ် ဘာသာစကားသည် ဒုတိယအများဆုံး ကမ္ဘာသုံးဘာသာစကား ဖြစ်သည်။ **(ဆင်ဟွာ)**

တောင်အာဖရိကတွင် အင်တာနက်သုံးသူ များပြားလာ

ကိပ်တောင်း ဩဂုတ် ၄

တောင်အာဖရိကနိုင်ငံ၏ အင်တာနက်သုံးစွဲသူဦးရေသည် ယခုနှစ်အတွင်း ထင်သာမြင်သာတိုးတက်လာခဲ့ပြီး ပြည်သူ ၁၄ သန်း အင်တာနက်သုံးစွဲလာကြကြောင်း သုတေသနတိုင်းတာမှုတစ်ရပ်အရ သိရသည်။

နိုင်ငံတွင် အင်တာနက်သုံးစွဲသူအရေအတွက်သည် မူလကမျှော်မှန်းထားသည်ထက် ပမာဏများစွာ ပိုများနေကြောင်း ဒီဂျစ်တယ်မီဒီယာနှင့်ဈေးကွက် သုတေသီအသင်း၏ နောက်ဆုံးတွက်ချက်ထုတ်ပြန်ချက်၌ ဖော်ပြသည်။

အင်တာနက်အသုံးပြုသူများတွင် လူကြီးပိုင်းများက ၃၉ ရာခိုင်နှုန်းရှိပြီး ကျန်အသုံးပြုသူများတွင် လူငယ်လူရွယ်ဆယ်ကျော်သက်များက အများစုဖြစ်သည်။ တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်အတွင်း စီးပွားရေး အင်အားအတောင့်တင်းဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၅၂ သန်းကျော်ရှိသည်။

(ဆင်ဟွာ)

လက်ရှိသမ္မတ မူဂါဘီ ဇင်ဘာဘွေရွေးကောက်ပွဲ၌ အောင်ပွဲရ

ဟာရာရေး ဩဂုတ် ၄

ဇင်ဘာဘွေ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ မူဂါဘီ ပြန်လည်ရွေးချယ်ခံရပြီး အောင်ပွဲခံနိုင်ခဲ့ကြောင်း ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင် (ဇက်အီးစီ)က ဩဂုတ် ၃ ရက်၌ သတင်းထုတ်ပြန်သည်။

သမ္မတမူဂါဘီသည် ဆန္ဒမဲပေးသူ၏ ၆၁ ဒသမ ၀၉ ရာခိုင်နှုန်းက ထောက်ခံမဲပေးခဲ့ကြပြီး ပြိုင်ဘက်ဝန်ကြီးချုပ် မော်ဂန်က ၃၃ ဒသမ ၆၉ ရာခိုင်နှုန်း ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သမ္မတ မူဂါဘီသည် နောက်ထပ်ငါးနှစ်သက်တမ်း သမ္မတတာဝန်ထမ်းဆောင်ခွင့် ထပ်မံရရှိမည်ဖြစ်သည်။

အသက် ၈၉ နှစ်အရွယ်ရှိ သမ္မတမူဂါဘီသည် ၁၉၈၀ ပြည့်နှစ်ကတည်းက သမ္မတအာဏာရရှိလာခဲ့သူဖြစ်ပြီး သမ္မတသက်တမ်း ၃၃ နှစ်ကြာ တာဝန်ထမ်းဆောင်နေသူလည်း ဖြစ်သည်။ ယခုအခါ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သဖြင့် နောက်ထပ်ငါးနှစ်သက်တမ်း သမ္မတတာဝန် ထပ်မံထမ်းဆောင်ရဦးမည် ဖြစ်သည်။

ထို့အတူ ဇင်ဘာတွေပါလီမန်နေရာအတွက်လည်း သမ္မတမူဂါဘီ၏ Zanu -PF ပါတီက လွှတ်တော်အမတ်နေရာ သုံးပုံနှစ်ပုံရရှိ အောင်ပွဲခံနိုင်ခဲ့သည်။ ထို့ကြောင့် လွှတ်တော်တွင် ဥပဒေပြုမှုကိစ္စရပ်များ၌ အာဏာရပါတီက လွှမ်းမိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဇင်ဘာဘွေ ကာကွယ်ရေးဝန်ကြီး အမ်မာဆင်မင်ဂါဝါက ယခုရွေးကောက်ပွဲသည် လွတ်လပ်မှု၊ မျှတမှု၊ ငြိမ်းချမ်းမှု၊ ယုံကြည်မှုနှင့် မှန်ကန်မှုများရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

သို့သော် အတိုက်အခံများက ဇင်ဘာဘွေရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း ထုတ်ဖော်ပြောကြားလျက်ရှိသည်။

ထို့အတူ ယခုရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုနိုင်ကြောင်း အတိုက်အခံများက ပြောကြားသည်။ တစ်ဖန်ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်ပြီး တရားရုံးသို့ တင်ပြသွားမည်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင်များက ပြောကြားသည်။

(ဆင်ဟွာ)

အနိုင်ရ သမ္မတ မူဂါဘီ

အစိကပြိုင်ဘက် ဝန်ကြီးချုပ် မော်ဂန်

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အသုံးပြုရန် လိုအပ်သော Spider Camera ဝယ်ယူရန်/ ငှားရန်အလိုရှိသည်

၁။ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၁၁-၁၂-၂၀၁၃) ရက်နေ့နှင့် (၂၂-၁၂-၂၀၁၃) ရက်နေ့တို့တွင် ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပဆောင်ရွက်မှုများကို အနီးကပ်လှုပ်ရှား ရိုက်ကူးတင်ဆက်နိုင်ရန်အတွက် ကောင်းကင်ကြိုးတပ်လှုပ်ရှား Spider Camera အသုံးပြုဆောင်ရွက်မည်ဖြစ်၍ ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးလိုသူများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါတင်သွင်းလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာပုံစံများကို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅) နေပြည်တော်သို့ (၅-၈-၂၀၁၃)ရက်နေ့မှ (၁၅-၈-၂၀၁၃)ရက်နေ့အတွင်း မှတ်ပုံတင်စာရင်းသွင်းရန်နှင့် လျှောက်လွှာပုံစံတစ်စောင်လျှင် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်ထားမှုကို (၃၁-၈-၂၀၁၃)ရက်နေ့ နောက်ဆုံးထားလျက် ဝယ်ယူရာဌာနသို့ ပေးပို့လျှောက်ထားရမည်-

(က) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါတင်သွင်းခြင်းလုပ်ငန်းအတွက် အာမခံကြေးကျပ်သိန်း ၅၀ ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနတွင် ပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ တင်ဒါမအောင်မြင်သူများကို အာမခံစပေါ်ငွေပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်ရန်ပျက်ကွက်ပါက အာမခံစပေါ်ငွေကို ပြန်လည်ထုတ်ပေးခြင်းမပြုပါ။ တင်ဒါဝင်ရောက်တင်သွင်းခြင်း မပြုသူများကိုလည်း အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်း မပြုပါ။

(ခ) ဝန်ဆောင်မှုပေးမည့် ကင်မရာ၏ ကုန်အမှတ်တံဆိပ်၊အမည်၊ အမျိုးအစား၊ စွမ်းရည်တို့ကို ထည့်သွင်းဖော်ပြရမည်။

(ဂ) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးနိုင်မည့် အသေးစိတ်အချက်အလက်နှင့် လုပ်ငန်းအတွေ့အကြုံများကို ပူးတွဲတင်ပြရမည်။ မြန်မာကုမ္ပဏီ ကြားခံတင်ပြခြင်းဖြစ်ပါက ကုမ္ပဏီ၏ခိုင်မာမှု၊ ဘဏ္ဍာငွေပိုင်ဆိုင်မှုရုံးဖွဲ့စည်းမှုတို့ကို လိုအပ်ပါက တောင်းခံပါမည်။

(ဃ) ဈေးနှုန်းတင်သွင်းလွှာကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရပါက စာချုပ်ချုပ်ဆိုပြီး ၁၄ ရက်အတွင်း ဝန်ဆောင်မှုတန်ဖိုး ငွေပမာဏ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေအတွက် ခိုင်မာသောဘဏ်အာမခံတောင်းလျှင် တင်ပြနိုင်ရမည်။

(မှတ်ချက်) (၁) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုဈေးနှုန်း ကြမ်းခင်းဈေးကို သိပြီးဖြစ်၍ ကြမ်းခင်းဈေးထက် ကျော်လွန်နေသည့် တင်ပြလျှောက်လွှာများကို လုံးဝစဉ်းစားလိမ့်မည်မဟုတ်ပါ။

(၂) နောက်ဆုံးကျန်ကုမ္ပဏီနှစ်ခုကို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံ၍ ဈေးပြိုင်စေမည်ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅) နေပြည်တော် ဖုန်း -၀၆၇-၄၀၈၄၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

ဆေးတက္ကသိုလ် (၁)ရန်ကုန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

၁၉၈၃-၈၉ ပညာသင်နှစ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် (ပုလဲရတုတွေ့ဆုံပွဲ) အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက် (တနင်္ဂနွေ နေ့) နံနက် (၉)နာရီမှ (၁၂)နာရီအထိ Sedona Hotel (Grand Ballroom) တွင်လည်းကောင်း၊ ဖိတ်ဆုံ ညစာစားပွဲကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၈)ရက် (စနေနေ့) ညနေ (၆)နာရီတွင် Chatrium Hotel (Pool Side) တွင်လည်းကောင်း ကျင်းပမည် ဖြစ်ပါကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနှင့် ဆက်သွယ်ကြပါရန်နှင့် အလှူငွေများကို-

အောင်ကျော်ဝင်း	- ၀၉ ၅၀ ၂၇၁၄၃	ညီညီဇံ	- ၀၉ ၅၀ ၂၁၅၉၂
နိုဝင်းဦး	- ၀၉ ၅၀ ၁၄၅၅၀	မိုးဝင့်အောင်	- ၀၉ ၅၀ ၈၀၁၂၅
ကျော်စိုးကျော်	- ၀၉ ၅၀ ၁၉၂၈၄	သန်းသန်းရီ	- ၀၉ ၅၀ ၁၃၅၁၁
ကြည်လှိုင်	- ၀၉ ၅၀ ၀၁၁၈၁	စိုးနိုင်	- ၀၉ ၄၃၀ ၇၅၀၃၆
လှစိုး	- ၀၉ ၅၀ ၀၆၄၀၆	မင်းသက်ထွေး	- ၀၉ ၄၂၁၁ ၅၉၄၂၄
အောင်မျိုးမြင့်	- ၀၉ ၅၀ ၉၁၃၉၉	ခင်သန္တာမြင့်	- ၀၉ ၇၃၂ ၀၅ ၆၇၄
ဝင်းလှ	- ၀၉ ၅၅ ၉၈၅၈၆	ဥမ္မာ	- ၀၉ ၅၀ ၁၄၈၁၇
သာမြင့်ကျော်	- ၀၉ ၅၁ ၅၅၅၄၀	ခင်မေထွေး	- ၀၉ ၅၀ ၁၀၈၉၀
အေးစန္ဒာဝင်း	- ၀၉ ၄၂၀၀ ၉၉၇၃၄	တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်	
သင်းသင်းနွယ်	- ၀၉ ၅၀ ၀၄၁၅၆	အပ်ပါသည်။	
ဥမ္မာလှိုင်	- ၀၉ ၅၀ ၁၃၅၉၂		

အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ

ကမ္ဘာ့ကုန်ကြမ်းပစ္စည်းသုံးစွဲမှုအများဆုံးဖြစ်လာတဲ့ တရုတ်နိုင်ငံ

မောင်မဟာ

တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ကုန်ကြမ်းပစ္စည်းအများဆုံး ဝယ်ယူသုံးစွဲတဲ့နိုင်ငံအဖြစ် ရောက်ရှိလာပြီဖြစ်ကြောင်း၊ အဲဒီလိုဖြစ်လာတာဟာ တရုတ်နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုအပေါ် ဖိအားပေးနေမှုများကြောင့်ဖြစ်တယ်လို့ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်(ယူအင်အီးပီ)က ဩဂုတ် ၂ ရက်မှာ ထုတ်ပြန်တဲ့အစီရင်ခံစာတစ်ရပ်မှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံဟာ သဘာဝသယံဇာတအရင်းအမြစ်တွေ လျော့ပါးလာမှုနဲ့ ကြုံတွေ့နေရပြီး အဲဒါဟာ စီးပွားရေးနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအလားအလာအပေါ် ထိခိုက်မှုဖြစ်စေတာမို့ ပြည်ပက ကုန်ကြမ်းပစ္စည်းတွေ ဝယ်ယူသုံးစွဲမှုအပေါ် အားထားခဲ့တာကြောင့် ကမ္ဘာပေါ်မှာ ကုန်ကြမ်းပစ္စည်းအများဆုံး သုံးစွဲတဲ့နိုင်ငံဖြစ်လာတာလို့ အဲဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ အော်ဒို့စ်မြို့မှာ ဩဂုတ် ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့တဲ့ အစည်းအဝေးမှာ ယူအင်အီးပီက အဲဒီအစီရင်ခံစာကို တင်ပြခဲ့တာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ တွင်းထွက်သယံဇာတ၊ သတ္တုသယံဇာတ၊ ရုပ်ကြွင်းလောင်စာနဲ့ အခြားသယံဇာတ ပစ္စည်းတွေ ဝယ်ယူသုံးစွဲမှု ကမ္ဘာပေါ်မှာ အများဆုံးဖြစ်လာပြီး ပြည်တွင်းသုံးစွဲမှုဟာ အမေရိကန်ပြည်ထောင်စုထက် လေးဆခန့်ပိုမိုများပြားနေတယ်လို့ဆိုပါတယ်။

တရုတ်နိုင်ငံဟာ ၁၉၇၀ ပြည့်နှစ်နဲ့ ၂၀၀၈ ခုနှစ်အတွင်းမှာ ကမ္ဘာ့ကုန်ကြမ်းပစ္စည်းသုံးစွဲမှုရဲ့ သုံးပုံတစ်ပုံခန့်ရှိခဲ့ရာမှ အခုဆိုရင် ထက်ဝက်ခန့်အထိ တိုးမြင့်ရောက်ရှိလာပါတယ်။

သဘာဝသယံဇာတသုံးစွဲမှုအပိုင်းမှာလည်း အာရှ-ပစိဖိတ်ဒေသမှာ နှစ်ဆခန့် မြင့်တက်ခဲ့ပြီး သတ္တုလုပ်ငန်းတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ကုန်ကြမ်းပစ္စည်းသုံးစွဲမှု မြင့်တက်ခဲ့သလို ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေလည်းမြင့်တက်လာခဲ့လို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလည်း မြင့်မားလာတယ်လို့ဆိုပါတယ်။

ဒါကြောင့် ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုအပိုင်းမှာလည်း တရုတ်နိုင်ငံဟာ ကမ္ဘာ့ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုရဲ့ လေးဆခန့်ရှိနေပြီး အာရှ-ပစိဖိတ်ဒေသရဲ့ နှစ်ဆခန့်ရှိနေတယ်လို့ အဲဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံဟာ စီးပွားရေးနဲ့ စက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမြင့်တက်လာနေတဲ့ နိုင်ငံဖြစ်ပြီး အရှိန်အဟုန်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေဖို့အတွက် နိုင်ငံတကာမှကုန်ကြမ်းပစ္စည်းတွေ ပိုမိုဝယ်ယူသုံးစွဲနေရဦးမယ့်အလားအလာတွေရှိနေပါတယ်။

ဒါ့ကြောင့် ပြည်ပမှ ဝယ်ယူသုံးစွဲမှုကို လျှော့ချတဲ့အနေနဲ့ စွမ်းအင်ကဏ္ဍတစ်ခုတည်းမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် ၂၀၁၂ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၆၇ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ဒါပေမယ့် နယ်ပယ်ကဏ္ဍအသီးသီးမှာ ကုန်ကြမ်းပစ္စည်းတွေ ပြည်ပက ဝယ်ယူဖို့ ကြိုးစားနေရဦးမှာမို့ ကမ္ဘာ့ကုန်ကြမ်းပစ္စည်းသုံးစွဲမှု အများဆုံးနိုင်ငံအဖြစ် အချိန်အတန်ကြာတည်ရှိနေမယ့်အလားအလာ ရှိနေပါတယ်။

ဆေးလိပ်ဖြတ်က သက်တမ်း နှစ်နှစ်ပိုရှည်

နှလုံးသွေးစီးဆင်းမှု ကောင်းစေရန် ကုသခံယူပြီးနောက်ပိုင်း ဆေးလိပ်ဖြတ်လိုက်နိုင်သောသူများသည် ဆေးလိပ်မဖြတ်ဘဲ ဆက်လက်သောက်ကြသူများထက် ပျမ်းမျှနှစ်နှစ်ခန့် အသက်ပိုရှည်ကြောင်း သုတေသနပြုချက်တစ်ရပ်က အဆိုပြုသည်။

အသက် ၅၀ ပိုင်းအရွယ်များတွင် နှလုံးကုသမှု ခံယူထားသူများကို သုတေသနပြုချက်အရ ကုသမှုခံပြီး တစ်နှစ်အတွင်း ဆေးလိပ်ဖြတ်လိုက်သူများသည် ပျမ်းမျှအားဖြင့် နောက်ထပ်သက်တမ်း ၁၈ ဒသမ ၅ နှစ်ပို အသက်ရှည်ရှည်နေထိုင်ရပြီး ဆေးလိပ်သောက်မြဲသူများမှာ ပျမ်းမျှ ၁၆ ဒသမ ၄ နှစ်သာ သက်တမ်းရှည်နေထိုင်ရကြောင်း သိရှိရသည်။

“ဆေးလိပ်သမား အများစုက လူငယ်ဘဝမှာ ဆေးလိပ်စသောက်တတ်ခဲ့ကြတာပါ။ ဆေးလိပ်သောက်သက် ၄၀ မှ ၅၀ လောက်ထိနှစ်များစွာ သောက်လာခဲ့ကြတာပါ” သုတေသနအဖွဲ့၏အကြီးတန်းအရာရှိ ရွှန်ဇန်ဒွယ်ဘတ်ခန်ကဆိုပြီး “လူနာအများစု ဆေးလိပ်ဖြတ်ပစ်ဖို့ သိပ်နောက်ကျသွားပြီထင်ကြတယ်။ ကျွန်တော်တို့ရဲ့ သုတေသနအရ အဓိကသတိပေးချင်တာက ဆေးလိပ်တကယ်ဖြတ်မယ်ဆိုရင် ဘယ်တော့မှ နောက်မကျဘူးဆိုတာပါပဲ” ဟု ရိုက်တာသတင်းဌာနသို့ အီးမေးလ်ပို့ခဲ့သည်။

ထို့ပြင် ကိုယ့်အတွက် မငဲ့ညှာဘဲ ဆေးလိပ်ဖြတ်ဖို့ရန် ဆန္ဒမရှိပါကလည်း မြေးများ၏ မျက်နှာကိုကြည့်စေချင်ကြောင်း၊ အဘိုးအဘွားများနှင့် နောက်ထပ်နှစ်နှစ်ပိုကြာ ပျော်ပျော်နေသွားနိုင်ရေး မြေးငယ်များကို အခွင့်အရေးပေးစေလိုကြောင်း ရွှန်ဇန်က ဖြည့်စွက်ဆိုသည်။

ယခင်သုတေသနများအရလည်း ဆေးလိပ်သောက်သုံးခြင်းသည် နှလုံးနှင့်သက်ဆိုင်သည့် နာမကျန်းဖြစ်ကာ အသက်ဆုံးပါးခြင်းများဖြစ်ရကြောင်း ဆိုထားသော်လည်း ဆေးလိပ်ဖြတ်ရန်အလွန်ခက်ခဲလွန်းကြောင်း ဆင်ခြေတို့ပြန်ကာ ဆက်လက်သောက်နေကြမြဲဖြစ်သည်။ ယင်းကြောင့် အဆိုးသံသရာလည်ကာ ဆေးကုထုံးများ၊ အမူအကျင့်ကုထုံးများဖြင့် ဆေးလိပ်ဖြတ်ရေးကူညီပေးနေသော်လည်း ဆေးလိပ်သောက်သူ နှုန်းထားများမှာ မြင့်မားနေဆဲဖြစ်သည်။

အမေရိကန်ရောဂါနှိမ်နင်းရေးနှင့် ကာကွယ်တားဆီးရေးဌာန၏ ၂၀၁၀ ခုနှစ် စစ်တမ်းအချက်အလက်များအရ ဆေးလိပ်ဖြတ်လိုသည့် ဆန္ဒရှိသူနှုန်းထားမှာ ၆၉ ရာခိုင်နှုန်းမျှရှိကြောင်း၊ ထိုနှုန်းထား၏ တစ်ဝက်ခန့်မှာဆေးလိပ်ဖြတ်ရန် ကြိုးစားခဲ့ကြသူများဖြစ်ကြောင်း၊ တကယ်ဆေးလိပ်ပြတ်သွားသူများမှာ ခြောက်ရာခိုင်နှုန်းမျှသာရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဩသဇကျော်-ဘာသာပြန်သည်

◆ *ကျောဖုံးမှ*

သတိကောင်းစွာရရှိနေပြီး ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေသည်ဟု ၎င်း၏ လူနာစောင့်များက ဆိုသည်။

အဆိုပါ မော်တော်ယာဉ်ပြုတ်ကျခဲ့သည့် မီးရထားလမ်းသည် ရန်ကုန်ဘူတာကြီးသို့ ဝင်ရောက်သည့် ကုန်ရထား၊ သစ်လုံးရထား၊ ဆီတွဲရထားတွဲဆိုင်းဖွဲ့ဆင်ပြီး သိမ်းဆည်းမည့်ရထားများဝင်ရောက်သည့် လမ်းဖြစ်သောကြောင့် မြို့ပတ်ရထားနှင့် အမြန်ရထားများပြေးဆွဲမှုတွင် တစ်စုံတစ်ရာနှောင့်နှေးမှုဖြစ်ပေါ်ခြင်းမရှိခဲ့ကြောင်း မြန်မာ့မီးရထားမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဦးသန်းဇော်က ပြောကြားသည်။

“ကျွန်တော်ခုံးတံတားအောက်မှာ ထိုင်နေတုန်း ကားက တံတားပေါ်ကနေ ခေါင်းနဲ့ရုတ်တရက်ထိုးကျလာတယ်။ အမိုးဘက်ကနေမှောက်သွားပြီး ဘီးတွေက အပေါ်ကို ပက်လက်လန်သွားတယ်။ လူတွေက အောက်ဘက်မှာ၊ ကားပေါ်ပါတဲ့ ဦးလေးကြီးက ညာဘက်မျက်နှာမှာ သွေးထွက်နေတယ်။ ခြေထောက်က ကားနဲ့ ပိနေတယ်။ ပြုတ်ကျလာတဲ့အနားမှာလည်း ကျွန်တော်နဲ့ ကိုလှငွေးပဲရှိတယ်” ဟု မျက်မြင်တွေ့ရှိခဲ့သည့် ရန်ကုန်ဘူတာကြီးတွင် ကွမ်းယာရောင်းချသူ ကိုဇော်မင်းထိုက်က ဆိုသည်။

“ကားတိုက်သလို လီဗာသံခပ်ပြင်းပြင်းကြားလို့ လှည့်ကြည့်လိုက်တော့ တံတားလက်ရန်းအုတ်ခုံကို ကားခေါင်းနဲ့တိုက်မိပြီးတော့ တစ်ပတ်လည်ပြီး မီးရထားလမ်းပေါ်ကျလာတယ်။ ကားရှေ့ခန်းမှာ အမျိုးသားတစ်ဦး ခြေထောက်ထွက်နေပြီး ကယ်ပါ၊ ကယ်ပါ အော်တာနဲ့ ကျွန်တော်ပြေးသွားပြီး လူတွေကို အော်ခေါ်တော့ လူ ၁၄ ဦးလောက်ပြေးလာပြီး ဝိုင်းမလိုက်တော့ အမျိုးသားက ထွက်လာတယ်။ အမျိုးသမီးကို အစက မမြင်ရဘူး။ သူက ယာဉ်မောင်းနေရာအောက်က ခြေနင်းခုံသားရေပြားအောက်မှာ ခွေခွေလေးသတိမေ့နေတယ်” ဟု မျက်မြင်ကူညီခဲ့သူ ကိုလှငွေးက ပြောကြားခဲ့သည်။

မြတ်သန္တာမောင်

ကျောဖုံးမှ

၂၀၀၈ ခုနှစ် မေလအတွင်း တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ခြင်း စသည်တို့ကြောင့် ပြန်လည်၍ အခိုင်အမာပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အပြီးဆောက်ရွက်ပေး

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖျာပုံမြို့သို့လာရောက်သော ခရီးစဉ်အတွင်း ကျိုက်လတ်မြို့နေ မြို့မိမြို့ဖ ဒေသခံတစ်ဦးက အဆိုပါ ကျွန်းပတ်တာကို မိုးရာသီမတိုင်မီ ပြုပြင်ပေးပါရန် တင်ပြခဲ့ရာ ဆည်မြောင်းဦးစီးဌာနက မိုးရာသီမတိုင်မီ အပြီးဆောက်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

သုံးခွ ကျွန်းပတ်တာအတွင်းရှိ စိုက်ဧကများအတွင်းသို့ အပြင်ဒီရေဝင်ရောက်ခြင်းမှ ကာကွယ်ရန်၊ မိုးရာသီရေကြီးနစ်မြုပ်မှုကာကွယ်ရန်နှင့် တာများမှတစ်ဆင့် ဆက်သွယ်သွားလာနိုင်စေရန်ရည်ရွယ်၍ အဆိုပါ ကျွန်းပတ်တာပြုပြင်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တာထိပ်ဝ အကျယ် ၁၂ ပေ၊ အလျား ၂၂ ဒသမ ၂၅ မိုင်ရှိသော အဆိုပါ ကျွန်းပတ်တာကို ဒီရေတက်ရောက်မှု ကင်းလွတ်စေရန် သတ်မှတ်အမြင့်ပေ (A.C.L) ၁၂ ပေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျွန်းတွင်းရှိ ရေနုတ်မြောင်းများကိုပါ တစ်ပြိုင်တည်း တူးဖော်ခဲ့ခြင်းဖြစ်သည်။

ဝမ်းမြောက်ဝမ်းသာ

“ကျွန်းပတ်တာကြီးပြီးသွားတော့ သွားရေးလာရေးရော၊ စိုက်ပျိုးရေးပါ အဆင်ပြေသွားတယ်” ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။ သုံးခွကျွန်းပတ်တာ အခိုင်အမာပြန်လည်ပြင်ဆင်ခဲ့ခြင်းကြောင့် ဒေသနေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

ဖိုးခွား(ဖျာပုံ)

ဥတုရာသီ တောကိုမှီ

ကန်သံရုံးအချို့ပိတ်ရန် အိုဘားမားပြောကြား

အမေရိကန်တာဝန်ရှိသူများက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိသည့်အပေါ် ဆွေးနွေးခဲ့ကြပြီးနောက် ဩဂုတ် ၄ ရက်တွင် အမေရိကန်သံရုံး ၂၁ ရုံးကို ပိတ်သိမ်းလိုက် ကြောင်း သမ္မတအိုဘားမားက ပြောကြားလိုက်သည်။ အရှေ့အလယ်ပိုင်း နှင့်မြောက်အာဖရိကတို့ရှိ သံရုံးအချို့နှင့် ကောင်စစ်ဝန်ရုံးများကို ပိတ်ထားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၄ ရက်တွင် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်ဟုဆိုသည်။ အယ်လ်ခိုင်ဒါအဖွဲ့က ယင်းသံရုံးများကို ဩဂုတ်လကုန်ပိုင်းတွင် တိုက်ခိုက်သွားရန် စီစဉ်နေကြောင်းဖြင့်လည်း သတိပေးလိုက်သည်။ ကမ္ဘာတစ်ဝန်းသို့ အမေရိကန်နိုင်ငံသားများ ခရီးသွားခြင်းကို သတိပြုရန်လည်း သတိပေးကြေညာချက်ထုတ်ပြန်ထားသည်။

ဗြိတိန်နိုင်ငံသားများ ယီမင်မှ အမြန်ဆုံးထွက်ရန် သတိပေး

ယီမင်နိုင်ငံရှိ ဗြိတိသျှသံရုံးကို နှစ်ရက်ကြာ ပိတ်ထားခဲ့ပြီးနောက် ယီမင်နိုင်ငံမှ ဗြိတိန်နိုင်ငံသားများ အမြန်ထွက်ခွာကြရန် ဗြိတိန်နိုင်ငံခြားရေးရုံးက တိုက်တွန်းလိုက် ကြောင်း ဩဂုတ် ၄ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယီမင် နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်တော့မည့်အခြေအနေကြောင့် ယင်း နိုင်ငံသို့ခရီးမသွားကြရန်လည်း နိုင်ငံခြားရေးရုံးက တိုက်တွန်းထားသည်။ ယီမင်နိုင်ငံ ဆာနားမြို့ရှိ ဗြိတိသျှသံရုံးကို ပိတ်ထားပြီး မရှိမဖြစ် လိုအပ်သည့် သံရုံးဝန်ထမ်းအဖွဲ့ကိုသာ ဖွင့်လှစ်ပေးထားသည်။ ဩဂုတ် ၆ ရက်တိုင်အောင် သတိပေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်းလည်း ၎င်း သံရုံးသတင်းတွင် ဖော်ပြသည်။ ပြင်သစ်နှင့် ဂျာမနီသံရုံးများလည်း အမေရိကန်ကဲ့သို့အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းရှိ သံရုံး များကို ပိတ်သွားရန် စီစဉ်နေသည်။

မြင့်မောင်စိုး-စုစည်းသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ပဋိပက္ခဖြေရှင်းမှု

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ကုလသမဂ္ဂမှာ တာဝန်ယူတဲ့အချိန်၊ အီတလီနိုင်ငံ တူရင်းမြို့မှာရှိတဲ့ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ Principal Officer အဖြစ် ရှစ်နှစ်တာဝန်ယူခဲ့ပါတယ်။ ကုလသမဂ္ဂအရာရှိကြီးတွေအတွက် သင်တန်းတွေပို့ချခဲ့တယ်။ ကုလသမဂ္ဂနဲ့ ပတ်သက်တဲ့ပြုပြင်ပြောင်းလဲမှု၊ ခေါင်းဆောင်မှုပညာ၊ ပူးပေါင်းဆောင်ရွက်မှုစတဲ့ ဘာသာရပ်တွေကို သင်ကြားခွင့်ရခဲ့တယ်။ လေ့လာခွင့်ရခဲ့ပါတယ်။ ဘာသာရပ်ပေါင်းစုံကိုလည်း လေ့လာခဲ့ရပါတယ်။

ဒီအထဲမှာ ထူးခြားတဲ့ဘာသာရပ်ကတော့ ပဋိပက္ခဖြေရှင်းမှုဘာသာရပ်ပဲဖြစ်ပါတယ်။ Conflict(ပဋိပက္ခ)၊ Resolution(ဖြေရှင်းမှု)ဘာသာရပ်ဖြစ်ပါတယ်။ ဒီဘာသာရပ်ကို ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ သင်ကြားရုံမက အီတလီနိုင်ငံ တူရင်းတက္ကသိုလ် မဟာဝိဇ္ဇာသင်တန်းမှာလည်း သင်ကြားခဲ့ပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကုလသမဂ္ဂအဖွဲ့အစည်းဟာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်နေတဲ့အဖွဲ့အစည်းဖြစ်တယ်။ စစ်ပွဲတွေအစား အေးချမ်းသာယာတဲ့ဘဝတွေကို ဖန်တီးပေးချင်တဲ့အဖွဲ့အစည်းဖြစ်တယ်။ လောကသားတိုင်းဟာ ငြိမ်းချမ်းချင်တယ်၊ သာယာဝပြောချင်တယ်၊ တစ်ဦးနဲ့တစ်ဦး သင့်သင့်မြတ်မြတ်အတူတူနေထိုင်လိုစိတ်ရှိကြတယ်။

ဒါကြောင့် ကုလသမဂ္ဂရဲ့ အမှတ်တံဆိပ်တစ်ခုက ချိုးဖြူငှက်ဖြစ်တယ်။ ကမ္ဘာကြီးတစ်ခုလုံးမှာ လူသားချင်းစာနာထောက်ထားပြီး အတူတကွယှဉ်တွဲနေထိုင်ဖို့ အားပေးတယ်။ စွမ်းဆောင်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့ ၁၉၄၅ခုနှစ်မှာ မွေးဖွားလာတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းဟာ ယခုဆိုရင် ၁၉၂ နိုင်ငံပါဝင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်နေပါပြီ။ ကမ္ဘာပေါ်မှာရှိနေတဲ့ စစ်ပွဲတွေ၊ ပဋိပက္ခတွေကို အေးအေးချမ်းချမ်းဖြေရှင်းဖို့ တွန်းအားပေးတယ်၊ ကူညီတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းကြောင့် နိုင်ငံအချင်းချင်းဖြစ်ပေါ်လာတဲ့ ပဋိပက္ခတွေကို ဖြေရှင်းနိုင်ရန် အစွမ်းကုန်ကြိုးစားခဲ့တယ်။

ကျွန်တော့်အနေနဲ့ ပဋိပက္ခဖြေရှင်းမှုဘာသာရပ်ကို သင်ကြားတဲ့အခါ ပဋိပက္ခဖြေရှင်းမှုမှာ အရေးကြီးအချက်က ပဋိပက္ခရဲ့ ဇာစ်မြစ်ကိုဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ပဋိပက္ခဖြစ်ရတဲ့ အခြေခံက တစ်ဦးနဲ့တစ်ဦးမတူညီမှုတွေ၊ သဘောထားမတိုက်ဆိုင်မှုတွေရှိလို့ပဲ ဖြစ်ပါတယ်။ မတူညီမှုကို ပြောတဲ့နေရာမှာ ခံယူချက်တွေ၊ တန်ဖိုးထားမှုတွေ၊ လိုအပ်ချက်တွေမတူကြလို့ပဲ ဖြစ်ပါတယ်၊ မတူညီတာကို ပြဿနာတစ်ရပ်အနေနဲ့ မစဉ်းစားသင့်ပါဘူး။ မတူညီတာကို လေးစားဖို့လိုအပ်တယ်၊ တန်ဖိုးထားတတ်အောင် ကြိုးစားရမယ်။ ဒါမှ တန်ဖိုးရှိတဲ့လူသား တစ်ဦးဖြစ်မှာပေါ့။

အမြင်ချင်းမတူတာ၊ အယူအဆချင်းမတူတာက အမှန်တော့အခွင့်အရေးတစ်ရပ်ပါ။ ပြဿနာမဟုတ်ပါဘူး။ လူနှစ်ယောက်မှာ အယူအဆတစ်ခုစီရှိကြရင် အယူအဆနှစ်မျိုးကို ထိတွေ့ခံစားနိုင်မှာ ဖြစ်ပါတယ်။ နှစ်ဦးစလုံးမှာ တူညီတဲ့ အယူအဆရှိနေရင် အယူအဆ တစ်မျိုးတည်းကိုပဲ လက်ခံတာဖြစ်နိုင်ပါတယ်။

ပဋိပက္ခဖြေရှင်းတဲ့နေရာမှာ "Win-Win" ချဉ်းကပ်နည်းကို အမြဲတမ်းအသုံးချနိုင်အောင် ကြိုးစားရမှာသာဖြစ်ပါတယ်။ "ကိုယ်လည်းနိုင်၊ သူလည်းနိုင်"ဆိုတဲ့ အဖြေမျိုးကို အမြဲရအောင် အဖြေထုတ်ရမှာဖြစ်ပါတယ်။ ငယ်ငယ်တုန်းက ကျွန်တော်ဟာ စိတ်ပညာကို သင်ကြားလေ့ကျင့်ခွင့်ရခဲ့ပါတယ်။ အခြေအနေတစ်ရပ်ကို ရင်ဆိုင်တဲ့အခါ တုံ့ပြန်မှုနှစ်မျိုးရှိနိုင်ပါတယ်။ တစ်ခုကတော့ Fight လို့ခေါ်တဲ့ ရင်ဆိုင်ခြင်းဖြစ်ပါတယ်။

ပြဿနာကိုမရှောင်ဘဲ တွေ့တွေ့ဆိုင်ဆိုင်ဖြေရှင်းခြင်းဖြစ်ပါတယ်။ ဒုတိယတုံ့ပြန်မှုကတော့ Flight လို့ ခေါ်တဲ့ ရှောင်တဲ့ချဉ်းကပ်မှုဖြစ်ပါတယ်။ ပြဿနာကိုမရင်ဆိုင်ဘဲ ရှောင်လွှဲတဲ့သဘောဖြစ်ပါတယ်။ Fight ဖြစ်တဲ့ ရင်ဆိုင်ဖြေရှင်းမှုဟာ Aggressive ရန်လိုတဲ့၊ ရန်ထောင်တဲ့သဘော ဖြစ်ပါတယ်။ Flightကတော့ Passive လိုက်လျောအလျှော့ပေးလိုက်တဲ့ သဘောမျိုးဖြစ်ပါတယ်။ အမှန်တော့ ရင်ဆိုင်ခြင်းနှင့် ရှောင်လွှဲခြင်းဟာ အစွန်းနှစ်ခုဖြစ်ပါတယ်။ စိတ်ပညာမှာ တတိယနည်းကိုလည်း ဖော်ထုတ်ခဲ့ပါတယ်။ ဒါကတော့ assertive ပြောသင့်ပြောထိုက်တာ ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့ဖွင့်ဟမှုဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေအတွက် အားနာတဲ့စိတ်ကလွှမ်းမိုးနေတဲ့အတွက် assertive ဖြစ်ဖို့ ခဲယဉ်းတာတွေ့ရတယ်။ ပြောသင့်ပြောထိုက်တာ ပြောလိုက်ရင် တစ်ဖက်သားကို ထိခိုက်မှာစိုးတာမို့ ကျင့်သုံးဖို့ခဲယဉ်းနေတာတွေ့ရပါတယ်။

ပဋိပက္ခတစ်ခုကို ဖြေရှင်းတဲ့အခါ ရွေးချယ်နိုင်တဲ့လမ်းသွယ်လေးခုရှိပါတယ်။ ပထမနည်းလမ်းကတော့ I win, You Lose "ငါနိုင်၊ မင်းရှုံး"ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒီနည်းလမ်းကို လူအများကနှစ်သက်ကြပါတယ်။ ငါနိုင်တာကို မကြိုက်တဲ့သူ ရှားပါးပါတယ်။ ငါနိုင်ဖို့မင်းကရှုံးရမယ်ဆိုတဲ့ဆန္ဒကိုလည်း လက်ခံထားကြတာတွေ့ရပါတယ်။

ဒုတိယနည်းလမ်းကတော့ I Lose, You Win "ငါရှုံး၊ မင်းနိုင်" တစ်နည်းပြောရရင် ကိုယ်ကအရှုံးပေးပြီး တစ်ဖက်သားကို အနိုင်ပေးလိုက်ခြင်းဖြစ်ပါတယ်။ ပထမနည်းလမ်းနဲ့ ဒုတိယနည်းလမ်းကို ရွေးချယ်ခဲ့ရင် ရလဒ်ကတော့ တတိယနည်းလမ်းသာဖြစ်ပါတယ်။ ဒါကတော့ I Lose, You Lose "ငါရှုံး၊ မင်းရှုံး" ဖြစ်သွားနိုင်မှာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်စလုံးဆုံးရှုံးနစ်နာတဲ့သဘော ဖြစ်ပါတယ်။ တကယ်ရွေးချယ်သင့်တာကတော့ I Win, You Win "ငါနိုင်၊ မင်းနိုင်" ဆိုတဲ့နည်းလမ်းပဲ ဖြစ်ပါတယ်။ ငါလည်းအနိုင်ရရမယ်၊ ဒါပေမယ့် မင်းလည်းနိုင်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ငယ်ငယ်ကတည်းက တူနဲ့ပေနဲ့ ဥပမာကို နားလည်ခဲ့ကြတယ်။ ပေဖြစ်ရင်ခံမယ်၊ တူဖြစ်တဲ့အလှည့်ရောက်အောင်စောင့်ပြီး တူဖြစ်တာနဲ့ နှံမယ်ဆိုတဲ့ စိတ်ရှိကြတယ်။ ဒါက အခြေခံအမှားဖြစ်တယ်။ ခံစရာမလိုသလို နှံစရာလည်းမလိုအပ်ပါဘူး။

> **ပဋိပက္ခဖြေရှင်းမှုမှာ အရေးကြီးအချက်က ပဋိပက္ခရဲ့ဇာစ်မြစ်ကို ဖော်ထုတ် ဖို့လိုအပ်ပါတယ်။ ပဋိပက္ခဖြစ်ရတဲ့ အခြေခံက တစ်ဦးနဲ့ တစ်ဦးမတူညီမှုတွေ၊ သဘောထားမတိုက်ဆိုင်မှုတွေရှိလို့ပဲဖြစ်ပါတယ်။ မတူညီမှုကိုပြောတဲ့ နေရာမှာ ခံယူချက်တွေ၊ တန်ဖိုးထားမှုတွေ၊ လိုအပ်ချက်တွေမတူကြလို့ပဲ ဖြစ်ပါတယ်၊ မတူညီတာကို ပြဿနာတစ်ရပ်အနေနဲ့ မစဉ်းစားသင့်ပါဘူး။ မတူညီတာကို လေးစားဖို့လိုအပ်တယ်၊ တန်ဖိုးထားတတ်အောင် ကြိုးစားရမယ်။**

ပဋိပက္ခကိုဖြေရှင်းရာမှာ အဖြေထုတ်ဖို့ဦးစားပေးကြတယ်။ ပဋိပက္ခတစ်ခုအတွက် အဖြေကိုရယူလိုတဲ့ ဆန္ဒကို ဦးထိပ်ထားတယ်။ အမှန်တော့ပဋိပက္ခရဲ့ အဖြေကိုရှာတာထက် ပဋိပက္ခဖြစ်ပေါ်လာမှုနဲ့ ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်ရဲ့ လိုအပ်ချက်တွေကို သိနိုင်အောင်ကြိုးစားရမယ်။ ဒီလိုအပ်ချက်တွေကို မှန်မှန်ကန်ကန်သိနိုင်ရင်အဖြေဟာ အလိုလိုပေါ်လာမှာဖြစ်ပါတယ်။

ဒီအကြောင်းကိုပိုပြီးသဘောပေါက်အောင် သင်တန်းမှာ ကျွန်တော်သုံးခဲ့တဲ့ ဥပမာတစ်ခုကို မျှဝေချင်ပါတယ်။ ဥပမာ-မီးဖိုချောင်မှာ အမျိုးသမီးနှစ်ဦးရှိတယ်ဆိုပါစို့။ သူတို့နှစ်ဦးစလုံးဟာ လိမ္မော်သီးကို လိုချင်ကြတယ်။ ဒါပေမယ့် မီးဖိုထဲမှာက လိမ္မော်သီးတစ်လုံးပဲ ကျန်တော့တယ်။ ဒီလိုအခြေအနေမျိုးမှာ ဘာလုပ်သင့်သလဲ စဉ်းစားကြည့်ပါ။

အခုလိုသင်တန်းသားတွေကို မေးလိုက်ရင် အားလုံးလိုလိုက တစ်ယောက်တစ်ဝက်ပေးလိုက်ပေါ့။ လိမ္မော်သီးကို အညီအမျှခွဲစိတ်ပြီး တစ်ယောက်တစ်ခြမ်းစီပေးပါလို့ ဖြေကြတယ်။ အများဆန္ဒအရ တစ်ယောက်တစ်ဝက်စီခွဲခြမ်းပြီးဝေလိုက်တယ်ဆိုပါစို့။ နောက်ဆက်တွဲဘာဖြစ်မလဲဆိုတာကို သုံးသပ်တဲ့အခါ လိမ္မော်သီးတစ်ခြမ်းရတဲ့ အမျိုးသမီးတစ်ဦးက လိမ္မော်ရည်ညှစ်တဲ့စက်ရှိတဲ့နေရာသွားပြီး သူရရှိတဲ့တစ်ခြမ်းကို အရည်ညှစ်လိုက်တယ်။

နောက်တစ်ဦးကတော့ သူရထားတဲ့ လိမ္မော်သီးတစ်ခြမ်းကိုယူပြီး လိမ္မော်ခွံတွေကိုခြစ်ပြီး ကိတ်မုန့်ဖုတ်တယ်။ ရုတ်တရက်ကြည့်ရင် တစ်ခြမ်းစီခွဲဝေတာက မှန်တယ်လို့ထင်ရပေမယ့် လိမ္မော်ရည်ညှစ်တဲ့ သူအဖို့ အရည်တစ်ဝက်ပဲရသလို ကိတ်မုန့်ဖုတ်ချင်တဲ့သူအတွက်လည်း လိမ္မော်အခွံတစ်ဝက်ကိုသာ ခြစ်ခွင့်ရတာ။

ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ ပဋိပက္ခတစ်ခုရင်ဆိုင်တဲ့အခါ အဖြေရှာတာကို ဦးစားပေးပြီး လိုအပ်ချက်ကို မကြည့်မိဘူး။ အကယ်၍ နှစ်ဦးစလုံးဟာ တိုင်ပင် ဆွေးနွေးပြီး မိမိတို့ရဲ့လိုအပ်ချက်ကို ရှင်းပြ၊ ဖော်ပြရင် လိမ္မော်ရည်လည်း အများကြီးရသလို ကိတ်မုန့်အတွက် လိမ္မော်အခွံလည်းအလုံအလောက်ရမှာဖြစ်ပါတယ်။ စာဖတ်ပရိသတ်တွေကို အခုလိုအဖြေကို ရုတ်တရက်မရှာဖွေဘဲ လိုအပ်ချက်ကို သိအောင်ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အခုအချိန်မှာ ပဋိပက္ခတွေဖြစ်ပေါ်နေတာကို ဝမ်းနည်းစွာတွေ့ရပါတယ်။ နုနယ်လှတဲ့ဒီမိုကရေစီကို လျှောက်လှမ်းနေကြရလို့ ဒီခရီးလမ်းကို အနှောင့်အယှက်ဖြစ်စေတဲ့ ပဋိပက္ခတွေကို တတ်နိုင်သမျှ သိမ်သိမ်မွေ့မွေ့ အဖြေထုတ်ကြဖို့ လိုလိမ့်မယ်။ မြတ်ဗုဒ္ဓဟောသလို အစွန်းမရောက်ဘဲ အလယ်အလတ်နည်းလမ်းကို စဉ်းစားသင့်ပါတယ်။

သခင်ယေရှုပြောတဲ့စကားက သိပ်အဓိပ္ပာယ်ရှိတယ်။ "ကိုယ့်ရဲ့ပါးတစ်ဖက်ကို အရိုက်ခံရရင် တခြားတစ်ဖက်ကိုထိုးပေးပါတဲ့"။ ကျွန်တော်ဟာ ဂန္ဒီကြီးကို လေးစားတယ်။ သူ့ရဲ့အဆိုအမိန့်တွေကို အမြဲမှတ်သားတယ်။ ကျွန်တော့်ရဲ့ ပဋိပက္ခဖြေရှင်းနည်းသင်တန်းတွေမှာ အသုံးပြုတယ်။ ဆရာကြီးက "ကိုယ့်မျက်လုံးအဖောက်ခံရလို့၊ သူ့မျက်လုံးကိုဖောက်မယ်ဆိုရင် တစ်ကမ္ဘာလုံးမှာ မျက်စိကန်းတဲ့သူတွေချည်း ဖြစ်သွားလိမ့်မယ်တဲ့"။

ပဋိပက္ခဖြေရှင်းမှုနဲ့ သင်တန်းသင်ကြားတဲ့နေရာမှာ ကျွမ်းကျင်မှု (Skills)ရှိဖို့ လိုတယ်လို့ခံယူတယ်။ အဓိပ္ပာယ်က ဖြေရှင်းနည်းကို သင်လို့ရတယ်။လေ့လာလို့ရတယ်။ နမူနာယူလို့ ရတယ်လို့ခံယူတယ်။ ဒါကြောင့် ကျွန်တော်က ဒီသင်တန်းမျိုးတွေကို မြန်မာပြည်အနှံ့သင်စေချင်တယ်။ လူငယ်လူရွယ်တွေ၊ ကလေးတွေ၊ လူကြီးတွေ၊ ဘာသာရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးလုပ်နေသူတွေ၊ မီဒီယာသမားတွေအားလုံး သိသင့်တယ်။လေ့လာသင့်တယ်။

အီတလီနိုင်ငံ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်နဲ့ တူရင်းတက္ကသိုလ်မှာ ဒီဘာသာရပ်ကို သင်ကြားရင်း ဗုဒ္ဓဘာသာရဲ့အနှစ်သာရဖြစ်တဲ့ သစ္စာလေးပါး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာနည်းတရားတွေကို အမြဲဆင်ခြင်စေတယ်။ အရာရာမှာ ဒီတရားလေးပါးကိုသာ ဦးထိပ်ထားရင် ပေါ်လာတဲ့ပဋိပက္ခတွေကို ဖြေရှင်းနိုင်မှာသာဖြစ်ပါတယ်။

ပဋိပက္ခဟာ လူတစ်ဦးချင်း၊ မိသားစုအဖွဲ့အစည်း၊ နိုင်ငံ၊ ဒေသနဲ့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရှိနေတာဖြစ်တယ်။

ဒါကြောင့် ဘယ်အဆင့်မှာပဲဖြစ်ဖြစ် ယဉ်ကျေးတဲ့၊ သိမ်မွေ့တဲ့၊ နူးညံ့တဲ့ ပဋိပက္ခဖြေရှင်းတဲ့ ကျွမ်းကျင်မှုတွေ မွေးထုတ်နိုင်ပါစေလို့ ဆုတောင်းမိပါတယ်။

စာဖတ်သူအပေါင်း ကိုယ်၏ ကျန်းမာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းနဲ့ တစ်လုံးတစ်ဝတည်းပြည့်ဝကြပါစေ။ ။

ယာဉ် / လမ်းစည်းကမ်းဟောပြော

မြစ်ကြီးနား ဩဂုတ် ၄

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်ပေါင် ယာဉ်မောင်းသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(မြစ်ကြီးနား)မှ ပြည်နယ်ဦးစီးမှူး ဦးခင်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဦးစိန်လွင် (စစ်ဆေးရေးမှူး -၃)တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ယာဉ်မောင်းများသိရှိလိုက်နာရမည့် စည်းကမ်းချက်များကို အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရသည်။ **မိုးယံကျ(မြစ်ကြီးနား)**

စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော

ခန္တီး ဩဂုတ် ၄

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက ခန္တီးမြို့နယ် ကင်းတော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကင်းတော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က အမှာစကားပြောကြားပြီး ခန္တီးခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မူမူဝင်းက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက်စာဖတ်ရှုနိုင်မြှင့်တင်ရေးကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင် -၃ ဒေါ်ဒုံစေ့က သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက်လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ဆက်လက်၍ ကင်းတော်ကျေးရွာ သလ္လာအလင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ဒုတိယဦးစီးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဆိုင်းလီက လက်ခံယူကြောင်း သိရသည်။ **ချန်လော**

ဟော်ကီလက်ရွေးစင်အသင်း ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ပဏာမအမျိုးသမီး ဟော်ကီလက်ရွေးစင်အသင်းသည် အတွေ့အကြုံပိုမိုရရှိစေရန် ဩဂုတ် ၂ ရက် ညနေ ၆ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်လံပို့ဆောင်ကြသည်။ **(ယာပုံ)**

အမျိုးသမီးပဏာမ လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအပါအဝင် မလေးရှားနိုင်ငံသားနည်းပြချုပ်၊ နည်းပြ၊ ဂိုးနည်းပြ၊ ဘာသာပြန်နှင့် အမျိုးသမီးအားကစားသမား ၂၀ လိုက်ပါသွားကြသည်။

အမျိုးသမီးပဏာမ လက်ရွေးစင်အသင်းသည် ထိုင်းနိုင်ငံအမျိုးသမီးအသင်းများနှင့် ပူးတွဲလေ့ကျင့်ပြီး စက်တင်ဘာလတွင် အရှေ့တောင်အာရှ အားကစားပွဲအကြို ထိုင်းနိုင်ငံတွင်ကျင်းပမည့် အားကစားပြိုင်ပွဲ၌ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်၊ သီရိလင်္ကာ အမျိုးသမီးဟော်ကီအသင်းများနှင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သန်းဆွေ(ပန်းဘဲတန်း)

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူလူထုပါဝင်ပါမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးကော်မတီ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တွေ့ဆုံညှိနှိုင်းရေး၊ စဉ်းစားကြံဆရေး၊ ပြည်သူလိုလားချက်များပါရှိရေး၊ ပြည်သူကိုဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူ့အသံ နားထောင်ပြီး ပြည်သူ့သဘောထားနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများရွေးချယ်သတ်မှတ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး မူဝါဒလုပ်ငန်းစဉ်(၈) ရပ်နှင့်အညီ ဆောင်ရွက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးမြှင့်တင်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီး ရရှိရေးစသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ် ကို စနစ်တကျအကောင်အထည်ဖော်ရေး ပြောကြားသည်။

ဆက်လက်၍ မြစ်ကြီးနား ဝိုင်းမော်၊ တနိုင်း၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ရွှေကူနှင့် မိုးမောက်မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် မြို့မိ မြို့ဖများက မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ အကြံပြုချက်များ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျ ပီပီပြင်ပြင်ကြိုးပမ်းဆောင်ရွက်ရေး၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြိုးပမ်း ဆောင်ရွက်ရေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးလေးခုဖြစ်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကဖွံ့ဖြိုးရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပွင့်လင်းထင်သာမြင်သာရှိရန်၊ တာဝန်ယူတာဝန်ခံမှုရှိရန်၊ ပြည်သူအားလုံးပါဝင်ရန်၊ နိုင်ငံတော်တစ်ဝန်းလုံးမျှတစွာ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထု၊ လူမှုအဖွဲ့အစည်းများအနေဖြင့် စွမ်းရည်မြှင့်တင်ဖို့လိုကြောင်း၊ အလွှာအသီးသီးတွင် အပြန်အလှန်ဆက်သွယ်မှုရှိဖို့ လိုကြောင်း၊ မှားယွင်းသောဆုံးဖြတ်ချက်၊ မထိရောက်သော အကောင်အထည်ဖော်မှုများ မဆောင်ရွက်မိရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို မှန်ကန်သော အတွေးအခေါ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ ညှိနှိုင်းဆွေးနွေးရမည် ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အရေးနှင့် စီးပွားရေးလုံခြုံမှုရှိရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အလေးထား ဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင် အရေးသည် တိုင်းပြည်ကို ပျက်စီးစေရာအကြောင်း အရာတစ်ခုဖြစ်၍ ဝိုင်းဝန်းထိန်းသိမ်းပေးရန်လိုကြောင်း၊ အမှန်တရားကို ဥပဒေအတိုင်း ပြုလုပ်ရန်လိုကြောင်း၊ လူ့အခွင့်အရေး ဖော်ဆောင်ရန်လိုကြောင်း၊ ရပ်ရွာဓလေ့ထုံးစံများကိုလည်း ဂရုပြုပြီး စုပေါင်းအုပ်ချုပ်ရေးဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပြုလုပ်သွားရန် လိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

စက်မှုလုပ်ငန်းသုံး သံမဏိသံချောင်းလုံးများ၊ သံပြားများ၊ အမိုးပြားများ၊ သံမဏိသံပေါင်များ၊ ဖိအားမြင့်ပိုက်များ၊ ရထားသံလမ်းများ စသည့် ပြည်တွင်း ပြည်ပဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းခြံမြို့ ကုက္ကဲကျေးရွာအနီး မြင်းခြံ-နဘူးအိုင်-မန္တလေး လမ်းမအရှေ့ဘက်၌ တည်ဆောက်နေသည့် ကုန်တင်ယာဉ် ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်း(မြင်းခြံ)နှင့် စက်မှုသင်တန်းကျောင်း(မြင်းခြံ) ပင်မစာသင်ဆောင်၊ Auditorium နှင့်လက်တွေ့ဆောင်များ တည်ဆောက်ပြီးစီးမှု၊ သင်ကြားရေးအထောက်အကူပြု စက်ကိရိယာများ ရောက်ရှိမှုနှင့် စက်များအထိုင်ချတပ်ဆင်ပြီးစီးမှု၊ အိမ်ရာများနှင့် သင်တန်းသားအိပ်ဆောင်များဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ အမှတ်(၅) အထည်စက်ရုံ(ပခုက္ကူ)၌ ချည်မျှင်နှင့် အထည်ပိတ်ကြမ်းများ ထုတ်လုပ်နေမှု၊ အမှတ်(၁၁) အထည်စက်ရုံ(ပခုက္ကူ)၌ အမျိုးသားဝတ် ရှပ်အင်္ကျီများ၊ အမျိုးသမီးဝတ်အင်္ကျီများ၊ ကလေးဝတ်အင်္ကျီများ၊ သက်န်းများ၊ ခြင်ထောင်များထုတ်လုပ်နေမှုတို့ကို လှည့်လည်စစ်ဆေးပြီး အဆင်ဒီဇိုင်းများ တီထွင်ဆန်းသစ်ရေး၊ ဈေးကွက်ဝင်အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေး၊ မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင် အန္တရာယ်မဖြစ်ပေါ်စေရေး အထူးဂရုပြုကြရန်နှင့် ကုန်ထုတ်လုပ်မှု တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသို့ နှစ်တိုနှစ်ရှည် ငှားရမ်းခြင်းနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းနည်းလမ်းတို့ဖြင့် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီးက ကျောင်း၏သမိုင်း၊ နည်းပြအင်အား၊ သင်တန်းသားဦးရေနှင့် ဘာသာရပ်အလိုက် သင်ကြားပို့ချမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများသည် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်၍ နည်းပြများက စိတ်စေတနာကောင်းဖြင့် သင်တန်းသားများကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရမှာဖြစ်ကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ပြီး နိုင်ငံတော်က အားထားရမည့် စက်မှုကျွမ်းကျင်သူများကို မွေးထုတ်ပေးရမှာဖြစ်ကြောင်း မှာကြားပြီး သင်တန်းသားများ စာတွေ့လက်တွေ့ သင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

ကော်မတီက ဦးဆောင်၍ နေအိမ်ပြုပြင်တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လေဘေးသင့်ခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် ဂရမ်းကျေးရွာအုပ်စု ဂရမ်းအရှေ့ကျေးရွာနှင့် ကွဲတလင်းကျေးရွာအုပ်စု သုံးအိမ်တန်းကျေးရွာပြည်သူများ၏ ကျန်းမာရေးကိုလည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ကူညီမှုဖြင့် ဂရမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲက လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ကုသပေးလျက်ရှိကြောင်း သိရသည်။ **(ဗဖ၅)**

လှိုင်သာယာမြို့နယ်ရှိ ကြက်/ဝက်အူချောင်းစက်ရုံ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၄

ရွှေလင်ပန်းစက်မှုဇုန်ရှိ စိန်ငွေမြ ကြက်/ဝက်အူချောင်း စက်ရုံတွင် ဩဂုတ် ၂ ရက် ည ၁၀ နာရီခန့်က စက်ရုံ၌ ထုပ်ပိုးထားသော ဂျပ်ဖာစက္ကူများကို အချိန်ကြာမြင့်စွာစုပုံထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရာ မီးသတ်ယာဉ် ၄၅ စီး၊ ကြီးကြပ်မှုယာဉ်လေးစီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ် လေးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့၍ ည ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးငြိမ်းသတ်စဉ် မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနချုပ်မှ ဒုတပ်ကြပ်အောင်ကျော်မြင့်မှာ မီးခိုးမွန်သဖြင့် လှိုင်သာယာဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် လည်းကောင်း၊ တပ်သားဇော်မင်းလှိုင် အရန်မီးသတ်တပ်ဖွဲ့ဝင်တွင် ယာလက်၌ မှန်စများ ထိခိုက်မိသဖြင့် ပြတ်ရှဒဏ်ရာများ ရရှိခဲ့၍ အင်းစိန်ဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်လည်းကောင်း ဆေးကုသမှုခံယူလျက်ရှိသည်။

မီးလောင်မှုနှင့် ပတ်သက်၍ လှိုင်သာယာမြို့မရဲစခန်းက အရေးယူထားသည်။ **စိုးဝင်း (SP)**

ကျိုင်းတုံမြို့တွင် ရေကြီးရေလျှံသောနေရာများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

ကျိုင်းတုံမြို့ပေါ်ရပ်ကွက်များအတွင်း ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အမှတ် (၂) ရပ်ကွက်ရှိလမ်းများနှင့် ကျိုင်းတုံ-လွယ်မွေသွားကားလမ်းပေါ်တွင် ရေမြောင်းများပိတ်ဆို့၍ ရေလျှံလျက်ရှိသဖြင့် ယနေ့နံနက်ပိုင်းတွင် တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယန္တရားများဖြင့် ရေမြောင်း ပိတ်ဆို့သောနေရာများအား ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ပြန်လည်တူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ရေကြီးရေလျှံလျက်ရှိသောနေရာများတွင် လုပ်အားပေးဆောင်ရွက်နေမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်းသတင်းရရှိသည်။

(မြဝတီ)

ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၄

ရေဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ရေ၊ လေ)အရာရှိ/စစ်သည်မိသားစုများနှင့်တိုင်းစစ်ဌာနချုပ်တို့က ပေးပို့လှူဒါန်းသော ဆန်၊ ဆီနှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၃ ရက်တွင် ဘားအံမြို့၌ ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးစခန်း၊ လှာကာကျေးရွာ ဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းနှင့် မွန်ပြည်နယ် ကျိုက်မရောမြို့ ရေဘေးကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်၍ပေးအပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ နယ်မြေခံဆေးတပ်ဖွဲ့များ၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း ရေဘေးသင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းစဉ်။
(မြဝတီ)

တာချီလိတ်တွင် မိုးသည်းထန်မှုကြောင့် ရေကြီးနစ်မြုပ်သော်လည်း လူနှင့် နေအိမ်များ ပျက်စီးခြင်းမရှိဘဲ သွားလာဆက်သွယ်ရေးကောင်းမွန်

တာချီလိတ် ဩဂုတ် ၄

ဩဂုတ်၄ ရက် နံနက် ၃ နာရီမှ စတင်၍ မိုးအဆက်မပြတ်ရွာသွန်းပြီး ပန်ဟတ်ချောင်းမှ တောင်ကျရေများ စီးဆင်းလာမှုကြောင့် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ ဟွေ့ရန်း(၁)၊ ဟွေ့ရန်း(၂)၊ ဆီလီငဲ့၊ ဝမ်ကဲကျေးရွာများတွင် ရေငါးပေခန့်အထိ မြင့်တက်ခဲ့ကာ နေအိမ်များ ရေလွှမ်းခြင်းခံခဲ့ရသည်။

မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် နေအိမ်အချို့၏အုတ်တံတိုင်းများ ပြိုကျခြင်းများရှိခဲ့သည်မှအပ နေအိမ်အဆောက်အအုံများ ပျက်စီးခြင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်သေကျေခြင်းမရှိခဲ့သလို တောင်သုံးလုံးကျေးရွာအနီးရှိတာချီလိတ်- ကျိုင်းတုံပြည်ထောင်စုလမ်းမကြီးဘေး တောင်နံရံတွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်ငယ်အချို့ရေတိုက်စားခံရကာ လမ်းမကြီးပေါ်သို့ ကျရောက်ခဲ့သော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်မီ ရှင်းလင်းပေးခဲ့သည့်အတွက် ယာဉ်သွားလာမှု ပြတ်တောက်ခြင်း မရှိခဲ့ကြောင်း။

မိုးရွာသွန်းမှုကြောင့် နံနက် ၁၀ နာရီ အထိ တိုင်းထွာချက်အရ မိုးရေချိန် ၂ ဒသမ ၇၄ လက်မအထိ ရှိခဲ့ပြီး တာချီလိတ် - ကျိုင်းတုံပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၂၇ တွင် လမ်းမကြီးပေါ်သို့ တစ်ပေ ခန့်ရေကျော်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ရေပြန်ကျသွားခဲ့ကာ ဆက်သွယ်ရေးပြတ်တောက်မှု မရှိကြောင်း သိရသည်။

ဝေငှပေး

အဆိုပါ ရေကြီးနစ်မြုပ်ရာနေရာသို့ တာချီလိတ်တပ်နယ်မှ တပ်မတော်သားများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကာ သောက်သုံးရေနှင့် အစားအသောက်များကို ဝေငှပေးခဲ့သည်။

မွန်းလွဲ ၂ နာရီတွင် ရေလုံးဝကျဆင်းသွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် နုန်းများ၊ အမှိုက်များတင်ကျန်နေသည့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ပြီး ရေဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော လယ်မြေစာရင်းများကို ခရိုင်နှင့် မြို့နယ် မြေစာရင်းဦးစီးဌာနက စစ်ဆေးကောက်ယူလျက်ရှိကာ မိုးစပါးစိုက်ရာသီအမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မောင်ယဉ်ကျေး

ပြည်တွင်းသတင်း

ယခင်တိုင်းပြည်တည်ငြိမ်မှုမရှိ၍ တိုးတက်မှုနောက်ကျကျန်ရစ်ခဲ့သည့်အတွေ့အကြုံများကို သင်ခန်းစာယူ ယခုအချိန်တွင် တည်ငြိမ်အေးချမ်းမှုကိုရယူကာ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည် ဖော်ဆောင်ရွက်မည့် ကော်မတီနှင့် ဒေသခံကိုယ်စား လှယ်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၄

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ဩဂုတ် ၃ ရက် နံနက် ၈ နာရီက လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ဖောင်းကား(မြောက်)ရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ပညာရတနာကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ လှူဒါန်းကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယခု အသစ်ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံပေ ၃၀ ရှိ RC နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ၇၉ ဒသမ ၂ သန်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တောင်ပုလုကျေးရွာရှိ ယာယီတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ထို့နောက် စီမံကိန်းနယ်မြေအတွင်းရှိ ဝက်မွေး-ကံတောကျေးရွာသစ်နှင့် ဆည်တည်း-ဇီးတောကျေးရွာသစ်များရှိ အခြေခံပညာမူလတန်းကြိုကျောင်း ဆောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးကာ ခေါက်ဆွဲခြောက်ထုပ်များနှင့် ထီးများအား လက်ဆောင်အဖြစ်ပေးအပ်ပြီး ဒေသခံအမျိုးသမီးများ အလုပ်အကိုင်ရရှိရေးအတွက် ဖွင့်လှစ်ထားသည့် အခြေခံစက်ချုပ်သင်တန်းများသို့ လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဆားလင်းကြီးမြို့နယ် အမှတ်(၆) အထည်ချုပ်စက်ရုံ ရှင်းလင်းဆောင်အစည်းအဝေးခန်းမ၌ကျင်းပသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီနှင့်ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာ ၃၃ ရွာမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင် လူထုကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတကာနှင့်ဆက်စပ်ဆောင်ရွက်နေရသည့် စီမံကိန်းဖြစ်သဖြင့် မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စံနမူနာပြစီမံကိန်းတစ်ခုအဖြစ်သာမက ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ရသင့်ရထိုက်သည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု လွှတ်တော်နှင့် သတင်းမီဒီယာများသို့လည်း ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍တွေ့ရှိရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး ဒေသအတွက် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆွေးနွေးတိုင်ပင်ဖော်ထုတ်၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကော်မရှင်အစီရင်ခံစာတွင် ပါရှိသည့် အကြံပြုချက်များအပြင် မြေပြင်၌တွေ့ရှိရသည့် ဒေသခံများ၏ အမှန်တကယ်လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံမြေယာစိုက်ပျိုးရေးစနစ်မှ ခေတ်မီစက်ရုံ၊ အလုပ်ရုံစနစ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်သွားနေခြင်း ဖြစ်ပါကြောင်း၊ ယခင်ကတိုင်းပြည် တည်ငြိမ်မှုမရှိ၍ တိုးတက်မှုနောက်ကျကျန်ရစ်ခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာယူပြီး ယခုအချိန်တွင် တည်ငြိမ်အေးချမ်းမှုကိုရယူကာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တက်ညီလက်ညီဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုးစားသွားကြရမှာဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာပါ အချက်အလက်များသာမက ဒေသခံများ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရန် ဆောင်ရွက်လျက်ရှိရာ အပြုသဘောဆောင်သော အကြံဉာဏ်ကောင်းများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက လုပ်ငန်းကော်မတီ၏ အဖွဲ့လေးဖွဲ့အနေဖြင့် စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ရလဒ်ကောင်းများ ရရှိစေရန် လုပ်ရပ်ကောင်းများ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက ဥပဒေနှင့်အညီ အသစ်ပြန်လည် ပြင်ဆင်ချုပ်ဆိုထားသည့် စာချုပ်သစ်ပါ အကြောင်းအရာ အချက်အလက်များကို ဒေသခံပြည်သူများသို့ ချပြရှင်းလင်းဆွေးနွေးတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာပါ အကြံပြုချက်များကို စီမံကိန်းထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်းသဘောတူစာချုပ်အား ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ၊ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့၏ အသေးစိတ် အကြံပြုချက်များကို ရယူပြီး ပြင်ဆင်ချက်စာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်နှင့် ဒေသခံပြည်သူများ အကျိုးအတွက် စာချုပ်ပြန်လည်ပြင်ဆင်ချုပ်ဆိုရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ အသေးစိတ်ချပြဆွေးနွေးသည်။

ထို့နောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များက မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံကိုယ်စားလှယ်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဒေသခံပြည်သူများ၏လိုလားချက်နှင့် ပြန်လည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။

ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့သည် တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများကောင်းကျိုး၊ ဒေသကောင်းကျိုးနှင့် တိုင်းပြည်ကောင်းကျိုးအတွက် စီမံကိန်းလျင်မြန်စွာစတင်နိုင်ရေးကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းမှ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု CSR ရရှိမှုအပေါ် ဒေသခံပြည်သူများ ခံစားနိုင်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်နှင့် စီမံကိန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ကျေးရွာလူထု ကိုယ်စားလှယ်များက ဆန္ဒပြုတင်ပြလာသည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ ရေရှည်အကျိုးရှိနိုင်မည့် လုပ်ငန်းများကို မိမိတို့ရပ်ရွာပြည်သူများနှင့် တိုင်ပင်ဆွေးနွေးပြီး အပြုသဘောဆောင်စိတ်ထားများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းကို အမြန်ပြန်လည် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

အရည်အသွေးရှိ ဝန်ထမ်းများ မျိုးဆက်မပြတ်သွားရန် ကြိုတင်စီမံချက်ဖြင့် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ဓာတ်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကား ပြောကြားရာတွင် စက်ရုံအလုပ်ရုံများရှိ ကျွမ်းကျင်ပညာရှင်များ၊ အရည်အသွေးရှိ ဝန်ထမ်းများ မျိုးဆက်မပြတ်သွားရန် ကြိုတင်စီမံချက်ဖြင့် ဆောင်ရွက်သွားရေး၊ စက်ရုံများရှိ စက်ပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ အဆင့်လိုက်တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်ရေး၊ ရေနံဓာတု စက်ရုံများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများထံမှ အကြံဉာဏ်များ ရယူအလေးထား ဆောင်ရွက်ရေးနှင့် စက်ရုံလည်ပတ်မှု ချွတ်ယွင်းပျက်စီးမှုများကို စက်ကိုင်တွယ်ထိန်းသိမ်းသူများ၏ ပေါ့လျော့မှုကြောင့် မဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ကွပ်ကဲသွားရန် တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းမိသားစုများအတွက် GSM, CDMA 800 မိုဘိုင်းဖုန်းဆင်းကတ်များချထားပေး

နေပြည်တော် ဩဂုတ် ၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သိဒ္ဓိ(၉)ရပ်ကွက်နေ ဝန်ထမ်းမိသားစုများအတွက် သိဒ္ဓိတစ်ရပ်ကွက်လျှင် CDMA-800 ဖုန်းကတ် ၁၁၀ ကို မဲစနစ်ဖြင့် ရပ်ကွက်အလိုက် ယမန်နေ့ နံနက် ၈ နာရီက ချထားပေးရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖုန်းဆင်းကတ် မဲပေါက်သူများအား ပေးအပ်သည်။ **(ယာပုံ)**

ယနေ့ ချပေးသော ဆင်းကတ်ပေါင်း ၉၉၀ ကတ်ဖြစ်ကြောင်းနှင့် သိဒ္ဓိ(၉)ရပ်ကွက်အတွက် GSM နှင့် CDMA-800 ဆင်းကတ် စုစုပေါင်း ၁၅၃၀ ချထားပေးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာရွှေအိုး လူမခိုး

ပြည်တွင်းသတင်း

■ ကျောဖုံးမှ

ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ပတ်သက်လို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ ဥပဒေအားလုံးရဲ့အခြေခံဖြစ်တဲ့အပြင်ဥပဒေအားလုံးရဲ့ အထွတ်အထိပ်လည်း ဖြစ်ပါတယ်။ တည်ဆဲဥပဒေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးမိတ်ဆွေကြီး ဦးမင်းကြိုင်က ရှင်းလင်းပြောပြပေးစေချင်ပါတယ်။ ဦးမင်းကြိုင်ကတော့ ရှေ့နေချုပ်ရုံးမှာလည်း ညွှန်ကြားရေးမှူးလုပ်ခဲ့တဲ့အပြင် တိုင်းဥပဒေအရာရှိအဖြစ် ၃၅ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။"

ဦးမင်းကြိုင် (ဥပဒေပညာရှင်)

"ဦးသန်းအောင်ပြောတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၉ မှာ "ဤ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်"လို့ဆိုထားပြီး ပုဒ်မ ၄၄၆ မှာတော့ "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်"လို့ ဆိုထားတာတွေ့ရပါတယ်။ အဲဒီတော့ ဒီပုဒ်မပါ ပြဋ္ဌာန်းချက်တွေအရ ဥပဒေတွေကို ပြဋ္ဌာန်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိကအလေးထားပြီး မဆန့်ကျင်အောင် သတိပြုရေးဆွဲဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီလို ရေးသားရာမှာလည်း ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်းမလွယ်နဲ့ ဆိုသလို ရေးထုံးကိုလည်းဂရုပြုဖို့တော့ လိုပါတယ်။"

ဦးသန်းအောင်

"ဦးမင်းကြိုင်ပြောတာမှန်တာပေါ့၊ ဥပဒေမှာ အရေးအသားဟာ အရေးကြီးပါတယ်။ အရေးအသားမရှင်းလင်းရင် အဓိပ္ပာယ်ကောက်မှုတွေလွဲမှားပြီး အငြင်းပွားမှုတွေ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် Cosistency လို့ခေါ်တဲ့ ရှေ့နောက်ညီညွတ်ဖို့လည်း လိုပါတယ်။

ဦးသန်းအောင် (ဥပဒေပညာရှင်)

ဦးမင်းကြိုင် (ဥပဒေပညာရှင်)

ဦးစန်းဝင်း (ဥပဒေပညာရှင်)

နောက်ပြီးတော့ Spirit of Law ဆိုတဲ့ ဥပဒေရဲ့အနှစ်သာရကိုလည်း ပေါ်လွင်တိကျအောင်လည်း ရေးသားဖို့လိုပါတယ်။"

ဦးမင်းကြိုင်

"ဥပဒေတွေ ပြဋ္ဌာန်းရာမှာ Political will ရှိဖို့ လိုပါတယ်၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ Political will ချင်း မတူပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ Political will ဟာ Good Governance နဲ့ Clean Government ဖြစ်ပါတယ်။ အဲဒါနဲ့ ကိုက်ညီအောင် ပြဋ္ဌာန်းကြဖို့လိုမှာဖြစ်ပါတယ်။ ကျွန်တော်ဆက်ဆွေးနွေးချင်တာကတော့ ဥပဒေတွေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုတဲ့ကိစ္စပဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၈ မှာ "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"လို့ ဆိုထားတဲ့အပြင် ပုဒ်မ ၄၅၃ မှာ "ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်" လို့ဆိုထားပါတယ်။ ဒါကြောင့် ဒီပြဋ္ဌာန်းချက်တွေကို လိုက်နာပြီး အဓိပ္ပာယ်ဖွင့်ဆိုကြဖို့ လိုပါတယ်။"

ဦးသန်းအောင်

"ဦးမင်းကြိုင်ပြောတာမှန်ပါတယ်။ အင်္ဂလန်ကဥပဒေပညာရှင်တစ်ယောက်က Rule of Law ဆိုတာဟာ ဥပဒေတစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ မိမိလိုသလို ဆွဲယူမပြောဖို့၊ သတ်မှတ်တဲ့ Boundary အတွင်းက ဖွင့်ဆိုကြဖို့ Lord. Bingham ရေးတဲ့ Rule of Law ဆိုတဲ့စာအုပ်မှာ ရေးသားခဲ့တာ ကျွန်တော်တွေ့ဖူးပါတယ်။ အဲဒီတင်ပြချက်အရ ကြည့်ရင် ဥပဒေကိုအဓိပ္ပာယ်ဖွင့်ဆိုတာ လွဲမှားရင် Rule of Law ကိုလည်း ထိခိုက်တယ်ဆိုတဲ့ သဘောတွေ့ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ မှာ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ခ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေပါ အတိုင်း လိုက်နာကျင့်သုံးရမည်။"

"နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပြီးအဓိကကျတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ပတ်သက်လို့ သိသင့်သိထိုက်တာလေးတွေ ဆွေးနွေးပြီးတဲ့နောက် တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ အချက်တွေကိုလည်း တိုင်းတရားသူကြီး၊ ညွှန်ကြားရေးမှူးအဖြစ် ၃၆ နှစ် အတွေ့အကြုံရှိတဲ့ ဆရာဦးမျိုးညွန့်ကဆက်ပြီး ရှင်းပြပေးနိုင်မလားခင်ဗျ"

ဦးမျိုးညွန့် (ဥပဒေပညာရှင်)

"နိုင်ငံတစ်နိုင်ငံမှာ တရားစီရင်ရေးစနစ်ဟာ အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ Rule of Law ရှိရန်တရားစီရင်ရေးစနစ်အရ မှန်ကန်မျှတစွာဆုံးဖြတ်အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် တရားစီရင်ရေးနဲ့ပတ်သက်ပြီး ပညာရှင်များကလည်း အသီးသီးဖွင့်ဆိုထားကြတာကို တွေ့ရပါတယ်။

နိုင်ငံတိုင်းရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားစီရင်ရေးစနစ်ကို ထည့်သွင်းပြီး ပြဋ္ဌာန်းလေ့ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တရားစီရင်ရေးကဏ္ဍကို ထည့်သွင်းပြဋ္ဌာန်းထားပြီး ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ တရားစီရင်ရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဥပဒေဆိုတဲ့နေရာမှာ ပြဋ္ဌာန်းဥပဒေ၊ ဆင့်ပွားဥပဒေစသည်ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။

တရားစီရင်တဲ့နေရာမှာ ဗဟုသုတကြွယ်ဝရန် လိုအပ်တဲ့အပြင် ဥပဒေပိုင်းကိုလည်း ကျွမ်းကျင်ရန် လိုအပ်ပါတယ်။ လက်တွေ့ဆန်ဆန် ထိတွေ့လုပ်ကိုင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

တရားစီရင်ရေးကဏ္ဍမှာ အဓိကပါဝင်ဆောင်ရွက်ကြရသော တရားသူကြီးများ အရည်အချင်းပြည့်ဝဖို့အတွက် လေ့ကျင့်ပညာပေးမှုကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်ပေးသင့်ပါတယ်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဥပဒေစနစ်ဖြင့် တူချင်မှတူမှာဖြစ်ပါတယ်။ ဒါပေမယ့် တရားစီရင်ရေးက ဘက်မလိုက်သော၊ မှန်ကန်မျှတသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖို့ လိုအပ်တာကြောင့် တရားစီရင်ရေးမူများ ချမှတ်ထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

တရားသူကြီးများအနေနဲ့ သီးသန့်ရှိမနေသင့်ဘဲ Exposure ရှိရန် လိုအပ်ပါတယ်။ ပြည်ပတရားသူကြီးများကိုလည်းသိရှိလေ့လာနေသင့်ပါတယ်။ ဒီနေ့ ကမ္ဘာ့နိုင်ငံအချို့မှာ တရားစီရင်ရေးစနစ်ကို ကွန်ပျူတာစနစ်ကျင့်သုံးလျက်ရှိပြီး screen ကို ကြည့်လိုက်ရုံမျှဖြင့် သက်သေများကို မြင်တွေ့ရပြီး စစ်ဆေးနိုင်သည့်စနစ်ကျင့်သုံးနေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ရေရှည်တွင် တရားစီရင်ရေးမှာ ခေတ်မီစနစ်ကို ကျင့်သုံးနိုင်ရေးကို ဦးတည်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

စာကြည့်တိုက်ကောင်းများရှိခြင်းသည် တရားစီရင်ရေးစနစ်ကို အထောက်အကူပြုသော အချက်တစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၄၈ ခုနှစ်နောက်ပိုင်း တရားရုံးချုပ်မှာ စာအုပ်စာတမ်းပြည့်စုံသော စာကြည့်တိုက်ကို တည်ထောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် တရားရုံးတွေမှာ စာကြည့်တိုက်ကောင်းများ တည်ထောင်ပြီး အစဉ်အဆက် ထိန်းသိမ်းထားရှိသင့်ပါတယ်။

ယနေ့အချိန်အခါမှာ အများပြည်သူက ယုံကြည်လေးစားသော တရားစီရင်ရေးဖြစ်ဖို့ အထူးအလေးအနက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးလိုပါတယ်။"

ဦးသန်းအောင်

"ဆက်လက်ပြီးတော့ တရားစီရင်ရေးကဏ္ဍမှာ တရားရုံးတွေကို အထောက်အကူပြုပြီး မှန်ကန်တဲ့ တရားစီရင်ရေးဖြစ်အောင်ဆောင်ရွက်ပေးနေရတဲ့ Officer of the Court ဖြစ်တဲ့ရှေ့နေရှေ့ရပ်တွေရဲ့ကဏ္ဍနဲ့ပတ်သက်ပြီး သိသင့်တာလေးတွေသိရအောင် တိုင်းတရားသူကြီးအဖြစ် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိပြီးကျွမ်းကျင်နှံ့စပ်တဲ့ ဆရာဦးသန့်ဇင်ကများ ဆွေးနွေးပေးနိုင်မလားခင်ဗျ"

ဦးသန့်ဇင် (ဥပဒေပညာရှင်)

ယနေ့တရားရေးနှင့် စပ်ဆိုင်တဲ့ ဥပဒေရေးရာ စကားဝိုင်းမှာ တရားရုံးအဆင့်ဆင့်နဲ့ အခန်းကဏ္ဍပိုင်းကို ဦးမျိုးညွန့်က ဆွေးနွေးတင်ပြသွားပြီး ဖြစ်ပါတယ်။ ထိုတရားရုံးအဆင့်ဆင့်မှာ လိုက်ပါဆောင်ရွက်ကြတဲ့ ရှေ့နေများကဏ္ဍကို အကျဉ်းချုံးတင်ပြလိုပါတယ်။ ရှေ့နေရှေ့ရပ်များဟာ တရားရုံးတော်၏အရာရှိများ Officer of the Court ဖြစ်ကြပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ရှေ့နေအခန်းကဏ္ဍနှင့် စပ်လျဉ်းလို့ H.G.P အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေများရှိပါတယ်။ သတင်းစာကြော်ငြာအခန်းကဏ္ဍမှာ တွေ့မြင်ဖတ်ရှုရမှာပါ။

ဥပဒေဘာသာရပ်နဲ့ဘွဲ့ရလာတဲ့ ဥပဒေပညာရှင်ဟာ တရားလွှတ်တော်ရှေ့နေ ငါးနှစ်အထက်ရှိတဲ့ ဝါရင့်ဥပဒေပညာရှင် တရားလွှတ်တော်ရှေ့နေတစ်ဦးထံမှာ အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်အနည်းဆုံး လေ့လာသင်ကြားမှု၊ တရားလွှတ်တော်ရှေ့နေအမှုလိုက်ပါဆောင်ရွက်နေတဲ့ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်ရုံးရှိ အမှုအသီးသီးမှာ လက်တွေ့လိုက်ပါလေ့လာဆည်းပူးမှုများ ပြုကြရပါတယ်။ အနည်းဆုံးတစ်နှစ်တိတိ ထိုကဲ့သို့ လေ့လာဆည်းပူးလိုက်ပါ ပညာသင်ကြားမှုပြီးရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ အထက်တန်းရှေ့နေလိုင်စင်ထုတ်ပေးရန် လျှောက်ထား ခွင့်ပြုချက်လက်မှတ်ရပြီးမှ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံးအဆင့်ဆင့်မှာ အထက်တန်းရှေ့နေအဖြစ် အနည်းဆုံး သုံးနှစ်လိုက်ပါဆောင်ရွက်ရပါတယ်။

ထိုကဲ့သို့ အထက်တန်းရှေ့နေအဖြစ် အနည်းဆုံး သုံးနှစ်လိုက်ပါဆောင်ရွက်ခဲ့ကြောင်း လိုက်ပါဆောင်ရွက်ခဲ့ရတဲ့ အမှုများစာရင်း၊ မြို့နယ်တရားရုံးနဲ့ ခရိုင်တရားရုံး တရားသူကြီးတို့ရဲ့ ထောက်ခံစာ၊ အနည်းဆုံး ၁၀ နှစ် လုပ်သက်ရှိတဲ့ တရားလွှတ်တော်ရှေ့နေ နှစ်ဦးရဲ့ ထောက်ခံစာ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ ထောက်ခံစာတို့နှင့်အတူ တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရပါတယ်။

ထိုတရားလွှတ်တော်ရှေ့နေ လိုင်စင်လက်မှတ်ထုတ်ပေးရန် လျှောက်လွှာတို့ကို တရားလွှတ်တော်ရှေ့နေများကောင်စီက ပြည့်စုံမှန်ကန်မှု ရှိမရှိ စိစစ်ပြီးခွင့်ပြုပေးရပါတယ်။

ယင်းသို့ ခွင့်ပြုပေးလိုက်တဲ့သူများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလွှတ်တော်ရှေ့နေ လိုင်စင်လက်မှတ်အသီးသီးကို အခမ်းအနားနဲ့ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

၁၉၃၅ ခုနှစ်မှ ၁၉၇၀ ခုနှစ်ဝန်းကျင်ခန့်က ယခင်ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရားလွှတ်တော်ရှေ့နေ (Advocate)၊ အထက်တန်းရှေ့နေ (Higher Grade Pleader) နဲ့ အောက်တန်းရှေ့နေ (Lower Grade Pleader) ဟူ၍ ရှိခဲ့တာ လေ့လာသိရှိရပါတယ်။

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ ဟူ၍သာရှိပြီး Lower Grade Pleader ဟူ၍ မရှိတာအားလုံးသိကြမှာပါ။

ဒါကြောင့် ဥပဒေဘွဲ့မရရှိသူများအနက် ဥပဒေပညာကို ဝါသနာပါပြီး စိတ်ဝင်စားသူတို့ကို အောက်တန်းရှေ့နေ Lower Grade Pleader အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိစေရေးအတွက် စာမေးပွဲဖြေဆိုခွင့်၊ Lower Grade Pleader လုပ်သက်ဘယ်လောက်ရရင် အထက်တန်းရှေ့နေ စာမေးပွဲဖြေဆိုခွင့်၊ အထက်တန်းရှေ့နေ လုပ်သက်ဘယ်လောက်ရရင် တရားလွှတ်တော်ရှေ့နေ စာမေးပွဲဖြေဆိုခွင့်ရရှိစေရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း အလျဉ်းသင့်၍ ဆွေးနွေးတင်ပြလိုပါတယ်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေကြမ်းများ၊ သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများက လေ့လာမှတ်သားသင့်ကြောင်း လိုက်နာဆောင်ရွက်ကြဖို့ ဥပဒေအကြံဉာဏ်များပေးကြ တင်ပြကြဖို့လိုအပ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဦးသန်းအောင်

ဟုတ်ကဲ့။ အခုလိုဆွေးနွေးသွားတာ အများကြီးပဲ ဗဟုသုတတွေရရှိပါတယ်။ ကျွန်တော်ထပ်ပြီး ဖြည့်စွက်ချင်တာလေးကတော့ ရှေ့နေရှေ့ရပ်တွေဟာ အမှုလိုက်ပါဆောင်ရွက်ရာမှာ သတ်မှတ်ထားတဲ့ ရှေ့နေကျင့်ဝတ်တွေနဲ့အညီ လိုက်ပါဆောင်ရွက်ကြဖို့လိုသလို တရားရုံးကို မှန်ကန်တဲ့ ဥပဒေတွေ စီရင်ထုံးတွေကို ကိုးကားတင်ပြကြဖို့လည်း လိုပါတယ်။ ဒါမှလည်း တရားရုံးကို ကူညီရာရောက်ပြီး အများပြည်သူက လေးစားတဲ့ရှေ့နေတွေ ဖြစ်ကြပါမယ်။

ဆက်ပြီးတော့ လက်ရှိလည်း ရှေ့နေလိုက်နေပြီး အပြည်ပြည်ဆိုင်ရာဥပဒေတွေနဲ့ ပတ်သက်လို့ လက်တွေ့လုပ်ကိုင် အတွေ့အကြုံတွေရရှိထားတဲ့ ဆရာဦးစန်းဝင်းက နည်းနည်းလောက် သိသင့်သိထိုက်တာလေးတွေ ဆွေးနွေးပေးစေချင်ပါတယ်။

ဦးစန်းဝင်း (ဥပဒေပညာရှင်)

"မည်သည့်နိုင်ငံမှ မိမိတစ်နိုင်ငံတည်း ရပ်တည်ခွင့်မရသဖြင့် ကမ္ဘာ့နိုင်ငံ အသိုင်းအဝိုင်းနဲ့ ဆက်ဆံကြရပါတယ်။ ထိုအခါ ကမ္ဘာ့နိုင်ငံအသီးသီးလိုက်နာရတဲ့ အပြည်ပြည်ဆိုင်ရာ ဥပဒေရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ဥပဒေသည် ပြည်တွင်းဥပဒေနှင့်စနစ်ချင်း မတူညီသကဲ့သို့ လုပ်ကိုင်ပုံချင်းလည်း ကွဲပြားပါတယ်။ အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် အရင်းအမြစ်များရှိရာ အပြည်ပြည်ဆိုင်ရာစာချုပ်များဟာ အဓိကအကျဆုံး အရင်းအမြစ်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာစာချုပ် (Treaty) ဟာ ပြဋ္ဌာန်းဥပဒေမဟုတ်ပါ။ နိုင်ငံများ၏ သဘောဆန္ဒအလျောက် အပြည်ပြည်ဆိုင်ရာစာချုပ်များ ချုပ်ဆိုခြင်းသာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့်စပ်လျဉ်း၍ Vienna Convention on the Law of Treaties ကို နိုင်ငံများက လိုက်နာဆောင်ရွက်ရပါတယ်။

အပြည်ပြည်ဆိုင်ရာစာချုပ်များကို လက်မှတ်ရေးထိုး (Signature) ခြင်းဟာ နိုင်ငံတစ်နိုင်ငံက ၎င်းအပြည်ပြည်ဆိုင်ရာ စာချုပ်ကိုလိုက်နာရန် ရည်ရွယ်ကြောင်းဖော်ပြခြင်းဖြစ်ပါတယ်။ လိုက်နာရန် မလိုအပ်သေးသော်လည်း စာချုပ်၏ရည်မှန်းချက်နှင့် ရည်ရွယ်ရင်းကိစ္စ (Object and Purpose) ကို ပျက်ပြားစေမယ့် ဆန့်ကျင်တဲ့အပြုအမူများမှ ရှောင်ကြဉ်ရန်တာဝန်ရှိပါတယ်။ ထိုစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်း (Ratification) ပြုပြီးသည့်အခါ ထိုနိုင်ငံဟာ စာချုပ်ဝင်နိုင်ငံဖြစ်လာပြီး ထိုစာချုပ်ကို လိုက်နာရန် တာဝန်ရှိလာပါတယ်။

၎င်းအပြင် ခြွင်းချက်ပြုလုပ်ထားတဲ့ ကိစ္စရပ်မှတစ်ပါး အဆိုပါကွန်ဗင်းရှင်းကို အခြေပြု၍ ပြဋ္ဌာန်းမယ့် ဥပဒေဟာ ကွန်ဗင်းရှင်းနဲ့အညီ လိုက်နာပြဋ္ဌာန်းရန်လည်း တာဝန်ရှိပါတယ်။ ယင်းတာဝန်များကို လိုက်နာခြင်းမရှိဘဲဆောင်ရွက်ပါက နိုင်ငံတကာက သဘောတူလက်ခံထားမှုကို ဖောက်ဖျက်ရာရောက်သဖြင့် ပြဋ္ဌာန်းမယ့် ဥပဒေဟာ ကွန်ဗင်းရှင်းနဲ့ လိုက်လျောညီထွေဖြစ်ရန်လည်း လိုအပ်ပါတယ်။

အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုကို နိုင်ငံတစ်နိုင်ငံအနေဖြင့် ဝင်ရောက်ခြင်းရှိမရှိမှာ ၎င်းနိုင်ငံ၏ သဘောသာဖြစ်ပါတယ်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုမှာ နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင်အဖြစ် ပါဝင်ခဲ့ပါက ထိုနိုင်ငံသည် ထိုအပြည်ပြည်ဆိုင်ရာ စာချုပ်ကိုလိုက်နာရန် တာဝန်ရှိလာပါတယ်။

နိုင်ငံရဲ့ ကျင့်သုံးသော ဥပဒေစနစ်အရ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုတွင် ပါဝင်ပြီးပါက ပြည်တွင်းဥပဒေအဖြစ် တိုက်ရိုက်လိုက်နာနိုင်သကဲ့သို့ အချို့နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာစာချုပ်ကို ပြည်တွင်းဥပဒေအဖြစ် ပြဋ္ဌာန်းပြီးမှ လိုက်နာကျင့်သုံးနိုင်ပါတယ်။ မြန်မာနိုင်ငံ၏ ဥပဒေစနစ်အရ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုတွင် ပါဝင်ပြီးပါက စာချုပ်ကိုလိုက်နာရန် ပြည်တွင်းဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါတယ်။ (ဥပမာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်တွင် မြန်မာနိုင်ငံက စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သဖြင့် ၁၉၉၃ခုနှစ် ကလေးသူငယ်အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။)"

ဦးသန်းအောင်

အခုဆိုရင်ဆွေးနွေးလာကြတာလည်း ရတဲ့အချိန်လေးမှာ တော်တော်လေး စုံသွားပြီလို့ထင်ပါတယ်။ ဒီစကားဝိုင်းဟာ ပထမဆုံးအကြိမ် ပြုလုပ်တဲ့ ဥပဒေရေးရာအဖြာဖြာနဲ့ ပတ်သက်တဲ့စကားဝိုင်းဖြစ်တဲ့အလျောက် တတ်နိုင်သမျှသိသင့်သိထိုက်တဲ့ဥပဒေတွေကို တင်ပြသွားကြတာ စိတ်ဝင်စားစရာကောင်းပြီး ဗဟုသုတလည်းရကြမှာဖြစ်ပါတယ်။ ဒီလိုဥပဒေဗဟုသုတတွေ ရရှိလာတာနဲ့အမျှ ဥပဒေတွေကို လေးစားလိုက်နာလိုတဲ့ စိတ်တွေပွားများပြီး ကျွန်တော်တို့ လိုလားတောင့်တနေတဲ့ Rule of Law ဆိုတဲ့ တရားဥပဒေစိုးမိုးရေးဟာ မလွဲမသွေရရှိခံစားကြရမှာ ဖြစ်ပါတယ်။ အခုလို လာရောက်ဆွေးနွေးပေးကြတဲ့ ဥပဒေပညာရှင်အားလုံးကို အထူးပဲကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သို့ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်း

စစ်ကိုင်း ဩဂုတ် ၄

သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သို့ ငြိမ်းချမ်းကောင်းကင်ပုံနှိပ်ကုန်ထုတ်အထွေထွေရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ဗလာစာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက သမဝါယမတက္ကသိုလ်(စစ်ကိုင်း) မြသရဖီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး ငြိမ်းချမ်းကောင်းကင်ပုံနှိပ်ကုန်ထုတ်အထွေထွေရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်(မန္တလေး) ဥက္ကဋ္ဌ ဦးသိန်းမြင့်က ဗလာစာအုပ်ဒါဇင် ၆၀၀ ပေးအပ်လှူဒါန်းရာ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)တာဝန်ခံပါမောက္ခဒေါက်တာရီရီဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နဂါးမင်းအထွေထွေထုတ်လုပ်ဝန်ဆောင်ရောင်းဝယ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း(ရန်ကုန်) သမဝါယမတက္ကသိုလ် (စစ်ကိုင်း)က စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် ၂၁၀ ပေးအပ်လှူဒါန်းရာ တာဝန်ခံပါမောက္ခချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ငြိမ်းချမ်းကောင်းကင်ပုံနှိပ်ကုန်ထုတ်အထွေထွေရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းသို့ ဗလာစာအုပ် ဒါဇင် ၆၀ လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါ်တင့်တင့်ကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(၁၃၇)**

ပျော်ဘွယ်မြို့၌ အခွန်ဆိုင်ရာ ပညာပေး ဟောပြောပွဲကျင်းပ

ပျော်ဘွယ် ဩဂုတ် ၄

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အခွန်အကြောင်းသိရှိပြီး နိုင်ငံတော်ဘဏ္ဍာငွေ စည်းကြပ်ကောက်ခံမှုအခြေအနေကို လည်းကောင်း၊ စည်းကြပ်ကောက်ခံရရှိသည့် အခွန်ငွေများ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲမှုအခြေအနေများကိုလည်းကောင်း သိရှိစေရန်ရည်ရွယ်၍ ပျော်ဘွယ်မြို့နယ်အခွန်ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းပြီး အခွန်ဆိုင်ရာ ပညာပေး ဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက ပျော်ဘွယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းနှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပညာပေးဟောပြော

ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးအောင်ဝင်းနှင့် ဒုတိယဦးစီးမှူး ဦးသက်ချိုတို့က အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဟောပြောပြီး ကျောင်းသား ကျောင်းသူများ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးကာ အခွန်ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။ အလားတူ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(ပန်းစုံ)နှင့် အခြေခံပညာ အလယ်တန်းကျောင်း (အောင်သာ) တို့တွင်လည်း အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **(ပြန်/ဆက်)**

ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် ကျွန်းပင်များစိုက်ပျိုး

မိတ္ထီလာ ဩဂုတ် ၄

မိတ္ထီလာမြို့နယ် ကဖြူအုပ်စု မင်းတဲကုန်း၊ တလင်းကုန်းကျေးရွာများ ပိုင်မြေပေါ်တွင် ဩဂုတ် ၃ ရက်က ကျေးလက်အိမ်ရာ ထူထောင်ရေး ကျေးရွာပိုင်စိုက်ခင်း တည်ထောင်ရေးအတွက်ကျွန်းပင်များ စိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ ကျွန်းပင်များစိုက်ပျိုးခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကျေးလက်ဒေသနေပြည်သူများ မိသားစုတိုင်းအိုးပိုင်အိမ်ပိုင် နေထိုင်နိုင်ရေးအတွက် ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းများဖြစ်သော တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် တစ်ရွာတစ်ဧက စိုက်ခင်းများ ဖြစ်ပေါ်လာရေးအတွက် သစ်တောဦးစီးဌာနမှ ပျိုးထောင်ဖြန့်ဝေပေးလျက်ရှိသည့် ကျွန်းပင်များကို မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးထွန်းအောင်လင်းနှင့်ဝန်ထမ်းများ၊ မင်းတဲကုန်း၊ တလင်းကုန်းကျေးရွာများရှိ အိမ်ထောင်စုများမှ ကျေးရွာပိုင်မြေဧကနှစ်ဧကတွင် ကျွန်းပင်ပေါင်း ၈၀၀ ကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

"ဒီကျေးရွာပိုင်မြေဆိုရင် နှစ်ပေါင်း ၅၀ လောက်ချုံတွေ၊ သစ်ပင်တွေ ထူထပ်ပေါက်ရောက်နေတာ၊ လူတွေဆိုရင်လည်း သွားလာမှုမရှိခဲ့ဘူး၊ အခုချုံတွေ သစ်ပင်တွေကို ရှင်းလင်းပြီး ကျွန်းပင်တွေစိုက်တော့ ပတ်ဝန်းကျင်လည်း စိမ်းလန်းစိုပြည်တယ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝင်ငွေရရှိမှာဖြစ်ပါတယ်"ဟု မင်းတဲကုန်းကျေးရွာမှ ဦးသိန်းဝင်းက ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်ကိုင်းသစ်တောဦးစီး ပျိုးပင်များအခမဲ့ဖြန့်ဝေ

စစ်ကိုင်း ဩဂုတ် ၄

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်၌ လူထုလှုပ်ရှားမှုဖြင့် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးကာလအဖြစ် သတ်မှတ်၍ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၅၇၂၀၀ ပင် ဖြန့်ဝေရန် လျာထားသတ်မှတ်ချက်ဖြင့် ကျေးရွာအရောက် အခမဲ့ဖြန့်ဝေပေးပြီးဖြစ်သည်။

ကျေးရွာနေပြည်သူများ သစ်ပင်စိုက်ပျိုးလိုသော်လည်း မင်းကွန်းသစ်တောပျိုးဥယျာဉ်သို့ ပျိုးပင်များ လာရောက်သယ်ယူရန် အခက်အခဲရှိသည့် ကျောက်ဆည်၊ အောင်သာ၊ အုန်းတောတောင်နှင့် မြောက်ရွာတို့မှ ပြည်သူများအား အိမ်တိုင်ရာရောက် အခမဲ့ သွားရောက်ဖြန့်ဝေပေးခဲ့သည်။ **(အောက်ဝဲပုံ)**

"အခုဖြန့်ဝေတဲ့ ပျိုးပင်များကတော့ ကျွန်း၊ ယူကလစ်၊ မယ်ဇယ်၊ ပိတောက်၊ မဲဇလီ၊ စိန်ပန်း၊ စွယ်တော်၊ ငုစပ်၊ တည်ပင် စုစုပေါင်းအပင် ၄၂၀၀ ဖြစ်ပါတယ်။ မြို့နယ်သစ်တောဦးစီးဌာနက မင်းဝံတောင်တန်းစိမ်းလန်းစိုပြည်ရေးအတွက် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ လက်ပန်ရွာအနောက်ဘက်မှ မင်းဝံတောင်တန်းအထိ ခရိုင်ချင်းဆက်လမ်းမကြီးတစ်လျှောက်မှာ သစ်ပင်တွေ စိုက်ပျိုးထားသကဲ့သို့ တမာ၊ တည်ပင်၊ ခရေ၊ ကုက္ကို၊ မန်ကျည်း၊ ကံ့ကော်၊ စွယ်တော်၊ မယ်ဇယ်၊ တရုတ်ဆီးသီး၊ ဗာဒံ၊ ဆီနီကယ်ရှားပင်၊ ငုရွှေဝါ၊ ပိတောက်၊ မဟော်ဂနီ၊ လျှော်ဖြူ၊ ပနားမားငု၊ ပျိုးပင်များကိုလည်း မင်းကွန်းပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားပြီးဖြစ်ပါတယ်" ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ကျော်ဦးက ရှင်းပြသည်။ **(၁၃၇)**

သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူရေး ဆွေးနွေး

မန္တလေး ဩဂုတ် ၄

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်နှင့်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးရဲအောင်တို့က ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ရပ်ကွက်အထောက်အကူပြုအဖွဲ့များကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီခွဲက တွေ့ဆုံ၍ အဆောက်အအုံစာရင်း ဆ-၀၂ တင်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ မြေပုံပေါ်တွင် အဆောက်အအုံတင်ခြင်း၊ အဆောက်အအုံအမှတ်စဉ်ရေးသွင်းခြင်း၊ နေရပ်လိပ်စာဖြည့်သွင်းခြင်း၊ အဆောက်အအုံအတွင်းရှိ အိမ်ခန်းအမှတ်စဉ်ရေးသွင်းခြင်း၊ အိမ်ထောင်စုအမှတ်စဉ်ရေးသွင်းခြင်း၊ အိမ်ထောင်ဦးစီး အမည်ရေးသွင်းခြင်း၊ အိမ်ထောင်စုဝင် အရေအတွက်ရေးသွင်းခြင်း၊ အဆောက်အအုံအမျိုးအစား၊ အဆောက်အအုံအသုံးပြုပုံတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ကွင်းဆင်းဆောင်ရွက်

အဆိုပါ ဆ-၀၂ တင်ခြင်း၊ မြေပုံရေးဆွဲခြင်းကို လက်တွေ့ကွင်းဆင်းကောက်ယူလျက်ရှိကြောင်းနှင့် ချမ်းအေးသာစံမြို့နယ်အတွင်း ရပ်ကွက် ၂၀ ရှိသည့်အနက် ၁၆ ရပ်ကွက်ကို ကွင်းဆင်းကောက်ယူပြီး ကောက်ကွက်ခွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ကျန်လေးရပ်ကွက်ကို ဩဂုတ် ၁၅ ရက်တွင် အပြီးကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **တင်မောင်(မန္တလေး)**

နယ်သတင်းတိုများ

အား/ကာသိပ္ပံ(မန္တလေး)သို့ ဆရာ ဆရာမများ လာရောက်လေ့လာ

မန္တလေး ဩဂုတ် ၄

အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဇီးပင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၂)မှ ဆရာ ဆရာမအင်အား ၇၈၀ တို့သည် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်၌ လေ့လာရေးခရီးစဉ်ရောက်ရှိကြရာ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများက ကြိုဆိုကြပြီး ကျောင်းအုပ်ကြီး ဦးသိန်းထွန်းလတ်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် အားကစားနည်းရှစ်မျိုးဖြစ်သည့် မြန်မာ့သိုင်း၊ အလေးမ၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ကရာတေးဒို၊ စက်ဘီး၊ ကျွမ်းဘားနှင့် ဝူရှူးအားကစားနည်းများဖြင့် အားကစားသရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့နယ်အဆင့် ဘောလုံးပြိုင်ပွဲကျင်းပ

နတ်မောက် ဩဂုတ် ၄

နတ်မောက်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား (၂၃) နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံဘောလုံးရာသီ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နတ်မောက်မြို့ ဗိုလ်တေဇအားကစားကွင်း၌ ဩဂုတ် ၁ ရက် ညနေ ၃ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာရှိ အားကစားသမားများ တက်ရောက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစကြိုတွင် စာမဖတ်သူပပျောက်ရေး ပြုလုပ်

ရေစကြို ဩဂုတ် ၄

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ပခုက္ကူ)(ရေစကြို)နှင့် စာပေဝါသနာရှင်များ၊ စာပေအလှူရှင်များ ပူးပေါင်း၍ ရေစကြိုမြို့နယ် စာမဖတ်သူပပျောက်ရေးလှုပ်ရှားမှုအဖြစ် ဇူလိုင်လအတွင်းက ပေါက်တောကျေးရွာတွင် ဂျာနယ်စုံအစောင် ၃၀၀၊ ညောင်ဖောက်ကျေးရွာတွင်သတင်းစာစုံ ၃၅၀၊ ဇီးတောရွာဦးကျောင်းတွင် ဂျာနယ်စုံ၊ စာအုပ်စုံ၊ သတင်းစာစုံ ၃၅၀၊ ဆယ်ရွာ ရွာဦးဇရပ်တွင် ဂျာနယ်၊ သတင်းစာ၊ စာအုပ်စုံ ၃၅၀ ကို ရွာသူရွာသားများလက်သို့ စာဖတ်နိုင်ရန် အခမဲ့ပေးအပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာသက်လွင်က "ကျေးလက်နေပြည်သူတွေ စာမဖတ်သူပပျောက်ရေးကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။ စာမဖတ်သူပပျောက်ရေးကို ဩဂုတ် ၆ ရက်၌ အောင်နန်းကျေးရွာတွင် ပြုလုပ်မည်ဖြစ်ပြီး စာအုပ်စာတမ်းဂျာနယ်စုံ၊ သတင်းစာစုံ လှူဒါန်းနိုင်ပြီး ကိုယ်တိုင်လိုက်ပါဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သန်းဟန်ထက်**

စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာကြည့်တိုက်ဖွင့်လှစ်ထား

မန္တလေး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၈၆ လမ်း၊ ၂၁ × ၂၂ လမ်းကြားရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် စာပေဗိမာန်စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိရာ စာပေဝါသနာရှင်များ၊ ရပ်ကွက်နေပြည်သူများ အသင်းဝင်၍ စာအုပ်များငှားရမ်း ဖတ်ရှုလေ့လာနေကြသည်ကို တွေ့ရှိရသည်။ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၌ စာပေဗိမာန်ထုတ်စာအုပ်များကိုလည်း ဝယ်ယူအားပေးလျက်ရှိကြသည်ကို သိရသည်။ **တင်မောင်(မန္တလေး)**

မြန်မာစစ်တုရင်ကစားနည်း သင်တန်းဖွင့်လှစ်ပို့ချ

ရေစကြို ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၈)ဇေယျဝတီရပ်ကွက်ရှိ ဗလငါးတန်စာကြည့်အသင်းကကြီးမှူး၍ မျိုးဆက်သစ် မြန်မာစစ်တုရင်ကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် မြန်မာစစ်တုရင်ကစားနည်းသင်တန်းကို ဇူလိုင် ၃၀ ရက်က အဆိုပါစာကြည့်အသင်း၌ ဖွင့်လှစ်သည်။

သင်တန်းကို ဝါရင့်ကစားသမားကြီးများဖြစ်ကြသော ဦးစိန်ဝင်း (ဦးစီးမှူး-မွေး/ကု၊ ငြိမ်း)၊ ဦးသိန်းမြင့်(စက်မှုလယ်ယာဦးစီးဌာန၊ ငြိမ်း) တို့က စာတွေ့လက်တွေ့သင်ကြားပြသရာ မျိုးဆက်သစ်လူငယ်သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။ **ဖေထွဏ်းဇော်**

ဆွေးမြည့်လျက်ရှိသော ဓာတ်တိုင်များ ကွန်ကရစ်တိုင်များဖြင့် လဲလှယ်

အင်းတော် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် ဆွေးမြည့်လျက်ရှိသော လျှပ်စစ်ဓာတ်တိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းကို မြို့နယ်လျှပ်စစ်မှူး ဦးတင်ထွန်းနိုင်ဦးစီး၍ လျှပ်စစ်ဝန်ထမ်းများက ဩဂုတ် ၂ ရက် ညနေ ၅ နာရီတွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လျှပ်စစ်ဓာတ်တိုင်များ လဲလှယ်ရာတွင် အင်းတော်မြို့ ဘူတာလမ်း၊ ဦးကျော်လမ်း၊ ကုန်သည်လမ်းများဆုံရာတွင်ရှိသည့် ဆွေးမြည့်နေသော တိုင်များအား ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခဲ့ခြင်းဖြစ်သည်။

ခင်မောင်ဆွေ(မော်လူး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

စစ်တွေ ဩဂုတ် ၄

အမှတ်(၅)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံး(စစ်တွေ)က ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဓမ္မဇေယျခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဒုတိယရဲမှူးထွန်းလှိုင်က ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ၊ ယာဉ်တိုက်မှု ဘာကြောင့်ဖြစ်ရသလဲ ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ရဲအုပ်ဝင်းဇော်ဟန်က ရခိုင်ပြည်နယ်အတွင်း ယာဉ်မတော်တဆ ဖြစ်ပွားမှုအခြေအနေများ၊ ကျောင်းသို့ လမ်းလျှောက်သွားစဉ် လိုက်နာရန်၊ သင် ယာဉ်မမောင်းမီ စစ်ဆေးရမည့်အချက်များ၊ အန္တရာယ်သတိပေး လမ်းညွှန်များ၊ ယာဉ်တို့၏ အမှား အမှန်များနှင့် စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ

သိကောင်းစရာများနှင့် ပတ်သက်၍ အကြောင်းအရာများကို သရုပ်ပြကွက်များဖြင့် အသိပညာပေးဟောပြောခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲကို ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျလိုက်နာသွားလာတတ်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဇော်နိုင်ထွန်း(iprd)

စက်ရုံဆောက်လုပ်ရန် ဝယ်ယူထားသည့်မြေကွက်များပေါ်၌ ကျူးကျော်နေထိုင်သူများကို အရေးယူပေးရန်တိုင်ကြား

ရန်ကုန် ဩဂုတ် ၄

ဩဂုတ် ၂ ရက်က လှော်ကားနယ်မြေအတွင်း ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်မှုဇုန်မြေကွက်များ ဖော်ထုတ်ရောင်းချရာတွင် ကေတုမတီ ကုမ္ပဏီကဝယ်ယူထားသော မြေကွက်များအတွင်း လူငါးဦးက နေအိမ်ဝင်ရောက်ဆောက်လုပ်ခြင်း၊ စပါးစိုက်ပျိုးခြင်းများ ပြုလုပ်ထားကြောင်း သက်ဆိုင်ရာသို့ တိုင်ကြားသောဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၆ ရက်တွင် ကေတုမတီကုမ္ပဏီက ရန်ကုန်မြို့ မြို့ ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်မှုဇုန်မြေကွက်များ ဖော်ထုတ်ရောင်းချရာတွင် ဝယ်ယူထားသော ရွှေပြည်သာမြို့နယ် ကျောင်းကုန်းရပ်ကွက် သာစုကန်စက်မှုဇုန်မြေတိုင်း အမှတ် (၅၀)ရှိ မြေကွက်အမှတ် (၃၅/၃၆/၃၇/၃၈)တို့ကို ၂၀၁၂ ခုနှစ်တွင် စက်ရုံတည်ဆောက်ရန်အတွက် သွားရောက်ကြည့်ရှုရာ အဆိုပါမြေကွက်များပေါ်၌ ဦးသိန်းလွင်၊ ဦးဝင်းဇော်၊ ဦးစိန်မြင့်အောင်၊ ဒေါ်လှ၊ မသိန်းသိန်းအေးတို့ငါးဦးက နေအိမ်ဆောက်လုပ်ခြင်း၊ စပါးစိုက်ပျိုးခြင်းများ ပြုလုပ်ထားသောကြောင့် သက်ဆိုင်ရာသို့ တိုင်ကြားပြီး ဖယ်ရှားခိုင်းခဲ့သော်လည်း ယနေ့အချိန်အထိ ဖယ်ရှားပေးခြင်းမရှိသဖြင့် ဦးသိန်းလွင်ပါ ငါးဦးကို အရေးယူပေးပါရန် ကေတုမတီကုမ္ပဏီမှ လက်ထောက်မန်နေဂျာဦးညဏ်ရဲဝင်းက တိုင်ကြားခဲ့၍ လှော်ကားနယ်မြေရဲစခန်းက ဩဂုတ် ၂ ရက်တွင် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

တန်ဖိုးနည်းဖုန်းဆင်းကတ်များ မော်လူးတွင် မဲစနစ်ဖြင့် ရောင်းချပေး

မော်လူး ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်တွင် ဩဂုတ် ၃ ရက် နံနက် ၉ နာရီက မော်လူးဒေသအတွက်ခွဲတမ်းရရှိသည့် တန်ဖိုးနည်း GSM Sim Card ၂၀၀ ကို မဲစနစ်ဖြင့် ပထမဆုံးအကြိမ်အဖြစ် ရောင်းချပေးခဲ့ကြောင်း သိရသည်။ မော်လူးဒေသအတွက် ခွဲတမ်းအဖြစ် ရရှိသည့် တန်ဖိုးနည်းဆင်းကတ် ၂၀၀ အနက် ၆၆ ကတ်ကို မော်လူးဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ခွဲပေးပြီး ကျန်ရှိသည့် ဆင်းကတ် ၁၃၄ ကတ်ကို မော်လူးဒေသခံပြည်သူများသို့ မဲစနစ်ဖြင့် ခွဲဝေရောင်းချပေးခဲ့ခြင်း

ဖြစ်သည်။ အဆိုပါ တန်ဖိုးနည်းဆင်းကတ်များကို မဲစနစ်ဖြင့် ဒေသခံပြည်သူများအား ခွဲဝေရောင်းချပေးမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ ဒုတိယဦးစီးမှူး ဦးကျော်စွာဝင်း၊ မော်လူးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်၊ တန်ဖိုးနည်းဆင်းကတ်ရောင်းချပေးရေး ကော်မတီမှ အဖွဲ့ဝင်များက ကြီးကြပ်ပြီး ဒေသခံပြည်သူများရှေ့တွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ရောင်းချပေး

ဒေသခံပြည်သူများ နည်းတူ မော်လူးဒေသရှိ ဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း မဲစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး မော်လူးဒေသမှ ဖုန်းအသုံးပြုရန် လျှောက်ထားသူဦးရေမှာ ၁၉၀၀ ခန့်ရှိကြောင်း သိရသည်။

နီတိုး(မော်လူး)

မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြု အသိပညာပေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းတို့ပူးပေါင်း၍ မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြု အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း၊ အတွင်းရေးမှူး ဒေါ်နှင်းဝေနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်နှင်းဝေက မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြု စာအုပ်များပါအချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ဆွေးနွေးပွဲဖြစ်မြောက်ရေး ကူညီဆောင်ရွက်ပေးခဲ့သော နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် တက်ရောက်လာသော အဖွဲ့ဝင်များအား ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအား မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင့်စားထမင်းကြော်ထုပ်များ၊ ပညာပေးစာအုပ်များ လှူဒါန်းခဲ့သည်။ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက လှူဒါန်းသည့် ပညာပေးစာအုပ်များကို နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှစ်မြို့နယ်ရှိအခြေခံပညာကျောင်းများ ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ စာကြည့်တိုက်များအထိ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အမျိုးသမီးငယ်များနှင့် ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်းကောက်ယူမှု ပုဏ္ဏားကျွန်း၌ အသိပညာပေးဟောပြော

ပုဏ္ဏားကျွန်း ဩဂုတ် ၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ဦးရာဇမင်္ဂလာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးလှဘော်သူက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြည်သူများခံစားကြရမည့်အကျိုးကျေးဇူးများ၊ တာဝန်ရှိသူများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် အချက်အလက်များ၊ ပြည်သူများ သိသင့်သိထိုက်သော အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။ **လှဘော်သူ**

ပြည်တွင်းသတင်း

မြို့နယ်သတင်းများ

မြို့နယ်မူးယစ်ဆန့်ကျင်ရေး မတည်ငွေ ကျပ် ၁၂ သိန်းလှူဒါန်း

ရမည်းသင်း ဩဂုတ် ၄

ရမည်းသင်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးဆန့်ကျင်ရေး အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲနှင့် အသင်းမတည်ငွေများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ မြို့မအထက်တန်းကျောင်း၌ကျင်းပရာ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၉၀ ရှိပြီး မြို့နယ်ပညာရေးမှူး ဦးတင်ကိုကို၊ မြို့မအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်နှင့် ဆရာ ဆရာမများက ကြီးကြပ်ပေးကြသည်။

ထို့နောက် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မတည်ငွေအဖြစ် ဦးဇော်လွင်(ရတနာရွှေပြည်ကုမ္ပဏီ)က အလှူငွေကျပ် သုံးသိန်း၊ ဦးဝင်းမျိုးသိန်းနှင့်ဦးဆန်နီ(အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ)က အလှူငွေကျပ် ငါးသိန်းနှင့် အလှူရှင်များစုပေါင်းလှူဒါန်းမှု ငွေကျပ်ဆယ့်နှစ်သိန်းတစ်သောင်းကို မတည်ငွေအဖြစ် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။ **(ဝ၁၁)**

တောင်သာမြို့၌ သောက်သုံးရေပိုမိုရရှိလာ

မန္တလေး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့ မြို့နေလူထုသန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် တောင်သာမြို့ တိုးချဲ့ရေပေးရေးစက်ရေတွင်းဖွင့်ပွဲကို ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီက တောင်သာမြို့ တောင်ဘက်မင်းတည်းကျေးရွာ၌ ကျင်းပခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းသီဟအောင်က စက်ရေတွင်းဆိုင်ရာနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်တို့က မြို့တိုးချဲ့ရေပေးရေးစက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ရေတွင်းဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်စာနှင့် မြို့ရေပေးရေးစက်ရေတွင်း ရေတွင်းပန့်ကိုခလုတ်နှိပ်၍ ရေလွှတ်ပေးလိုက်သည်။

ယခုဖွင့်လှစ်သော မြို့တိုးချဲ့ရေပေးရေး စက်ရေတွင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၈၀၀ အကုန်အကျခံ၍ တစ်နာရီ ရေဂါလန် ၉၀၀၀ အထွက်နှုန်းရှိ ခြောက်လက်မ စက်ရေတွင်းသုံးတွင်းနှင့် တစ်နာရီ ရေဂါလန် ၄၀၀၀ အထွက်နှုန်းရှိ လေးလက်မ စက်ရေတွင်းနှစ်တွင်းတို့မှ ထွက်ရှိသောရေများကို ရေဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန်မှတစ်ဆင့် ရေတွန်းစက်ဖြင့် မြို့နေလူထုအတွက် သောက်သုံးရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

စစ်ကိုင်း ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာသို့ ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ဦးဆောင်မှုဖြင့် အလှူရှင်မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပြီး သောက်သုံးရေလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၇နာရီခွဲက အဆိုပါကျေးရွာသို့ သွားရောက်လှူဒါန်းကြရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ တက်ရောက်ကြပြီး ရေဂါလန်ပေါင်း ၃၆၀၀ နှင့် ကွန်ကရစ်ရေကန် ငါးလုံး၊ ရေတံလျှောက်ငါးခု၊ စဉ့်အိုးလေးလုံးတို့ကို လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုအဖွဲ့များဆွေးနွေး

ကလေး ဩဂုတ် ၄

ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေရဋ္ဌရာခန်းမ၌ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများပါဝင်သည့် မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အဆိုပါ ကော်မတီများသည် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေဖြစ်သည့် လမ်းပြုပြင်ခြင်း၊ ကတ္တရာခင်းခြင်း၊ ဘေလီတံတားများအပြီးသတ်တည်ဆောက်နိုင်ရေး၊ ကားဂိတ်များနေရာပြောင်းရွှေ့ရေး၊ အမှိုက်စွန့်ပစ်ခြင်း တားမြစ်ခြင်းနှင့် မူးယစ်ဆေးဝါးကိစ္စများ ထိရောက်စွာ အရေးယူနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

အစေ့ထုတ်ပြောင်း ဘက်စုံဝင်ငွေကောင်း

ရေစကြို ဩဂုတ် ၄

အစေ့ထုတ်အထွက်တိုးပြောင်းကို ယခုနှစ်တွင် ရေစကြိုမြို့နယ်အတွင်း၌ ဈေးကောင်းရရှိခြင်းကြောင့် သီးထပ်အဖြစ် ထပ်မံစိုက်ပျိုးလျက်ရှိသည်။ စီပီပြောင်းပေါ်စမေလတွင် ၁၈ ပိဿာကို ငွေကျပ် ၈၅၀၀ ဈေးမှ တဖြည်းဖြည်းဈေးတက်ခဲ့ရာ ယခုအခါ ၁၈ ပိဿာကို ငွေကျပ် ၉၀၀၀ နှင့် အထက်တွင် ရောင်းချသဖြင့် စိုက်ပျိုးသူတောင်သူများတွက်ခြေကိုက်လျက်ရှိကြောင်းသိရသည်။

၎င်းအပြင် အစေ့ထုတ်ပြောင်း၏ ဘေးထွက်ပစ္စည်းများဖြစ်သော ပြောင်းရိုးလှည်းတစ်စီးတိုက်ကို ငွေကျပ် ၅၀၀၀၊ ပြောင်းဖူးအခွံ (ပြောင်းဖူးဖတ်) ရိုင်းပတ်လှည်းတစ်စီးတိုက်ကို ငွေကျပ် ၁၀၀၀၊ အစေ့ခြွေပြီး ပြောင်းဖူးအူတိုင်ကို ပိဿာ ၂၀ ဝင် တစ်တောင်း ငွေကျပ် ၂၀၀ ဖြင့် ပြန်လည်ရောင်းချနေကြရသဖြင့် ဘက်စုံဝင်ငွေကောင်းလျက်ရှိကြောင်း စီပီပြောင်းစိုက်ပျိုးသူတောင်သူတစ်ဦးထံမှ သိရသည်။

ယခုကဲ့သို့ ဝယ်ယူကြခြင်းမှာ ပြောင်းရိုးကို နွားစာအဖြစ်လည်းကောင်း၊ ပြောင်းဖူးဖတ်ကို ဆေးပေါ့လိပ်ဖင်ဆီခံအတွက် လည်းကောင်း၊ ပြောင်းဖူးအူတိုင်ကို လောင်စာအဖြစ်လည်းကောင်း အသုံးပြုကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၄-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၉၁၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၀၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၄ - ၉၈၄	ကျပ်
ယူရော	တစ်ယူရို	၁၂၈၀ - ၁၃၀၁	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀ - ၇၇၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၈ - ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၂ - ၁၆. ၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉ - ၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅ - ၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀ - ၆၃၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀ - ၃၈၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၇၂၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၇၀၀ - ၆၅၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ - ၃၁၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၉၈၀၀ - ၂၄၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ထရန်စဖော်မာအစားထိုးလဲလှယ်ပြီးစီး သုံးခွမြို့နယ်၌ ဓာတ်အားများ ပြန်လည်ရရှိ

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့တွင်းနှင့် ဆက်စပ်ကျေးရွာများသို့ ဓာတ်အားပေးထားသော သုံးခွမြို့ အမှတ်(၉)ရပ်ကွက် ဥက္ကံဓာတ်အားခွဲရုံရှိ 33/KV, 5M VA ထရန်စဖော်မာသည် ဇူလိုင် ၂ ရက် နံနက် ၈ နာရီခွဲက ရာသီဥတုဆိုးရွားမှုကြောင့် ချွတ်ယွင်းပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရာ ရန်ကုန်မြို့တော်လျှပ် စစ်ဓာတ်အားပေးရေးအဖွဲ့ သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူးက ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးသို့ တင်ပြပြီး အချိန်နှင့်တစ်ပြေးညီ ထရန်စဖော်မာ အစားထိုးလဲလှယ်၍ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိအောင် ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃ ရက် ညနေ ၆ နာရီတွင် ၎င်းထရန်စဖော်မာမှ ဓာတ်အားပေးထားသော သုံးခွမြို့တွင်းနှင့် ဆက်စပ်ကျေးရွာများအပါအဝင် ကျောက်တန်းမြို့နယ်အတွင်းမှ ကျေးရွာအချို့နှင့် တံတားမြို့နယ်ခွဲအထိ လျှပ်စစ်ဓာတ်အား ပုံမှန်ပြန်လည်ရရှိပြီဟု သိရသည်။

၎င်းထရန်စဖော်မာ အစားထိုးလဲလှယ်တပ်ဆင်ရာနေရာသို့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းကြွယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးဦးအောင်မြင့်ထွန်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာတို့က ကြီးကြပ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ငွေစုငွေချေးသမ အရပ်ရပ်ဆိုင်ရာစည်းဝေး

မန္တလေး ဩဂုတ် ၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာန၏ ငွေစုငွေချေးသမဝါယမအသင်း ၂၀၁၂/၁၃ ဘဏ္ဍာရေးအရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ၈၆ လမ်း မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးညွှန့်ဆွေ၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဆန်းလင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် အမှုဆောင်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါ်ခင်ဆွေမြင့်ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဦးမိုးထွန်းကလည်းကောင်း ဖတ်ကြားတင်ပြရာ တက်ရောက်လာသောအသင်းသားများက အတည်ပြုကြသည်။

ထို့နောက် တက်ရောက်လာသော အသင်းသားများက ဥက္ကဋ္ဌ ဦးညွှန့်ဆွေပါဝင်သော အဖွဲ့ဝင်နှစ်ဦး၊ အသင်းသားစာရင်း ဦးသိန်းဇံပါဝင်သော အဖွဲ့ဝင်တစ်ဦးကို ဆန္ဒပြု ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ရွေးချယ်ခံရသော အမှုဆောင်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြောင်း သိရသည်။

(၀၂၆)

ကြိမ်ပင်ဆည်-စက္ကော့လမ်းနှင့် ဗိုလ်မြတ်ထွန်းတံတားသစ် ကုန်တင်ကားများ ဖြတ်သန်းမောင်းနှင်ပါက တရားစွဲမည်ဟုဆို

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်-ပုသိမ်ပြေးဆွဲနေသော ကုန်တင်ယာဉ်များသည် ကြိမ်ပင်ဆည်-စက္ကော့လမ်းမှ ဖြတ်သန်းမောင်းနှင်နေကြောင်း တွေ့ရှိရသဖြင့် ၎င်းကုန်ကား များကိုတရားစွဲဆိုမည်ဖြစ်ကြောင်း အကြောင်းကြားလာ၍ ဖြတ်သန်းမောင်းနှင်ခြင်း မပြုရန် ဩဂုတ် ၁ရက်တွင် ပုသိမ်မြို့ကုန်တင်ယာဉ်ပိုင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့က အကြောင်းကြားစာ ပေးပို့ထားကြောင်း သိရသည်။ ရထားလမ်း-ကားလမ်း နှစ်မျိုး ပါရှိသော ညောင်တုန်း(ဧရာဝတီ)တံတားအသစ် ဖွင့်လှစ်ပြီးချိန်မှစ၍ ရန်ကုန်-ပုသိမ် ကုန်တင်ယာဉ်များသည် ဗိုလ်မြတ်ထွန်းတံတားနှင့် အဆိုပါတံတား အပါအဝင် တံတားနှစ်စင်းအဆင်ပြေသလို ရွေးချယ် သွားလာခွင့်ရှိနေရာမှ ယခုကဲ့သို့အကြောင်းကြားစာအရ ဗိုလ်မြတ်ထွန်းတံတားယခင်လမ်းဟောင်းမှသာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှတရားဝင် သတ်မှတ်ထားသော ယာဉ်+ကုန်တန်ချိန်ကို ဝင်ရိုး အရေအတွက်အလိုက် ကုန်တင်ယာဉ်များက တင်ဆောင်ပြီး လမ်းတံတားအသုံးပြုခပေးဆောင်သွားလာ၍ရသော်လည်း မိုးတွင်းကာလ မြစ်ဝကျွန်းပေါ်ဒေသ လမ်းအချို့တွင် လမ်းပျက်စီးမှုမဖြစ်ရန် လမ်းအလိုက် ယာဉ်+ကုန်တန်ချိန် သတ်မှတ်မှုများ ရှိလာကြောင်း သိရသည်။ ရန်ကုန်-ပုသိမ်သွား ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်ပါက တရားစွဲ ဆိုမည်ဆိုသော ကြိမ်ပင်ဆည်-စက္ကော့ လမ်းသည်မိုးတွင်းကာလယာဉ်+ကုန် ၁၆ တန်အထက် သွားလာခွင့်မပြုသော လမ်းဖြစ်ကြောင်း၊ရန်ကုန်-ပုသိမ်သွား ကုန်တင်ကားအများစုသည် ယာဉ်+ကုန် ၁၃ တန် ဒိုင်နာ- ကင်တာယာဉ်များ၊ ယာဉ်+ ကုန် ၁၆ တန် ခြောက်ဘီး ယာဉ်များဖြစ်ရာ အဆိုပါလမ်းပေါ်တွင် သတ်မှတ်ယာဉ်+ကုန်တန်ချိန်ဖြစ်သော ၁၆ တန် ခြောက်ဘီးယာဉ်များမည်သည့်ဒေသမှမဆို ဖြတ်သန်းသွားလာခွင့်ရှိပါကြောင်း၊ အဝေးပြေးဆောက်လုပ်ရေးလမ်းများတွင် လမ်း-တံတားအသုံးပြုခနှင့် သတ်မှတ်ယာဉ်+ကုန်တန်ချိန်တို့ကို လိုက်နာပေးဆောင်ရန်သာ အဓိကဖြစ်ပါကြောင်း ယာဉ်လုပ်သားများက ဆိုသည်။ ရန်ကုန်-ပုသိမ်သွားကုန်ကားများအနက် ယာဉ်+ကုန် ၁၆ တန် ခြောက်ဘီး ကုန်တင်ယာဉ်ကြီးများ ဧရာဝတီတံတား နှစ်စင်းအနက်မှ တစ်စင်းကို အဆင်ပြေသည့်လမ်းကြောင်းများ ရွေးချယ်ဖြတ်သန်းလိုကြကြောင်း၊ ပုသိမ်ကားများဖြစ်သော ယာဉ်+ကုန် ၁၆ တန်ရှိ ခြောက်ဘီးကားများကို မိုးတွင်းကာလဖြတ်သန်းမောင်းနှင်လျှင် တရားစွဲဆိုမည်ဆိုသည်ကို ပြန်လည်စိစစ် ပေးစေလိုသည်ဟု ပုသိမ်သွား ခြောက်ဘီးကားယာဉ်မောင်းများက ဆိုသည်။

(ခင်ဆိုင်)

ဖခင်အမည်မှန်

အထက ပုတီးကုန်း တက္ကသိုလ်ဝင်တန်း(အောင်)မှ မစောယုနွယ် ၇/သကန(နိုင်)၁၃၄၀၀၉၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဌေး ၁၂/မဘန(နိုင်)၀၂၅၇၂၇ ဖြစ်ပါသည်။

ဦးမင်းမင်းဌေး



မွေးနေ့မင်္ဂလာဆုမွန်လွှာ

ကြီးမားသော ချစ်ခြင်းများနှင့် မောင်နှမများအပေါ် လမ်းညွှန်သွန်သင်ဆုံးမပေးသော ချစ်သော မမကြီး ကေသီအေး (Total E&P)၏ ၅-၈-၂၀၁၃ရက်တွင် ကျရောက်သောမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော မောင်နှမများနှင့်အတူ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးကို စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းများဖြင့် ယခုထက်ပိုမိုသယ်ပိုး ထမ်းရွက်နိုင်ပြီး ဘဝတွင် အောင်မြင်ခြင်းများဖြင့် လိုရာဆန္ဒပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သောမောင်နှမများ-

ကိုမိုးကျော် (ရဲခေါင်)-ဥမ္မာအေး၊ သမီး -မိုးအိမ်စည်
ဒေါက်တာတိုးတိုးအောင်-ဒေါက်တာနီလာအေး
အေးကျော်သူရ-ဥမ္မာဌေး၊ သား-အားမာန်သူရ
အေးကျော်သီဟ-သီသီဇင်၊ သား-ဘုန်းမာန်သီဟ၊ အုပ်စိုးသီဟ



ပျောက်ဆုံးကြောင်း

Atelier E&M Company Limited. ၏ကုမ္ပဏီခွင့်ပြုမိန့် (Form of Pemit) ယာယီကတ် ပျောက်ဆုံးသွားပါသဖြင့် ၎င်းကတ်အားတွေ့ရှိပါက အမှတ်(၇)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန် ဖုန်း- ၀၉-၅၀၇၃၆၁၃သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၇၆၄ ပိုင်ရှင်အမည်ပေါက်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ မြောက်ပိုင်းခရိုင်ရုံး၊ အင်းစိန်

ဟာရီယာရာ အလုပ်ပိတ်ရက်အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်မည့်သူများကို မလေးရှားနိုင်ငံ လေကြောင်းလိုင်းများက သုံးနာရီကြိုရောက်ရန် သတိပေးထား

ရန်ကုန် ဩဂုတ် ၄

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ် ၅ ရက်မှ ၁၅ ရက်အထိ HARI RAYA ရုံးပိတ်ရက်အလည် ပြန်မည့်သူများအတွက် မြန်မာနိုင်ငံသို့ တိုက်ရိုက်ပြေးဆွဲနေသောလေကြောင်းများဖြစ်သည့် MAI, Malaysia Airlines & Airasia လိုင်းတို့မှ လေဆိပ်များတွင် ခရီးသည်များ များပြားပြီး ကြန့်ကြာမှုများ ရှိနိုင်သောကြောင့် ယခင်သတ်မှတ်ထားသော နှစ်နာရီကြိုရောက်ရမည့်အစား သုံးနာရီကြိုတင် Check In လုပ်ထားကြရန် သတိပေးစာပေးပို့ထားကြောင်း မလေးရှားရောက် မြန်မာနိုင်ငံသားများ၏ ပြောကြားချက်အရ သိရသည်။

အထူးသဖြင့် လက်မှတ်တန်ဖိုးနည်းလေကြောင်းအဖြစ် လူစီးများနေသော Airasia လေဆိပ်ဖြစ်သည့် LCCTလေဆိပ်သို့ Check In ဝင်မည့်သူများအားလုံးအတွက် လေဆိပ်သို့လာရာလမ်းကြောင်းတွင် ကားလမ်းပိတ်ဆို့မှု၊ လေဆိပ်တွင် ခရီးသည်များများပြားမှုတို့ နှစ်စဉ်ရှိနေသောကြောင့် လေယာဉ်မမီလိုက်သော ခရီးသည်များရှိကြောင်း၊ ထို့ကြောင့် Airasia လက်မှတ်ဝယ်ထားသော ခရီးသည်များအဖို့ မိမိတို့ပြန်မည့်ရက်နှင့် နှစ်ပတ်အလိုမှ တစ်ရက်အလိုအထိ Web Check In ဝင်ရန်၊ Web Check In မဝင်ထားပါက လေဆိပ်သို့ သုံးနာရီစောရောက်ရန်နှင့် လေဆိပ်ရှိ Self Check In Counter များတွင် ကိုယ်တိုင် Check In ဝင်ထားရန်နှင့် Luggage များ အပ်နှံရန် Check In Counter များကို အချိန်သုံးနာရီ ကြိုတင်ဖွင့်ပေးထားမည်ဖြစ်ပြီး လေယာဉ်ထွက်ချိန်မတိုင်မီ သုံးနာရီအလိုမှစ၍ Luggage များ စတင်အပ်နှံနိုင်ကြောင်းကို သတိပေးစာများဖြင့် ထုတ်ပြန်ထားကြောင်း ဆက်လက်သိရှိရသည်။

စိုးဝင်း-SP

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့ သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူ့ဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့်အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် သတင်းဌာနများကိုမှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်ကို သတင်းပေးပို့သည့် စာမူနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြ၍မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @ gmail.com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

မလေးရှားရောက်မြန်မာများအတွက် မလေးရှားလူဝင်မှုကြီးကြပ်ရေးက ကြေညာချက်ထပ်မံထုတ်ပြန်

ရန်ကုန် ဩဂုတ် ၄

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ ပြီးခဲ့သောနှစ်ပတ်အတွင်းက ပြန်လည်တိုးမြှင့်လိုက်သော ဒဏ်ငွေများကြောင့် မလေးရှားရောက်မြန်မာနိုင်ငံသားများ အခက်အခဲများနှင့် ကြုံတွေ့နေကြရသဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနက ဇူလိုင် ၂၇ ရက်တွင် ထပ်မံထုတ်ပြန်ကြေညာလိုက်ကြောင်း မလေးရှားရောက် မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ ထပ်မံထုတ်ပြန်ကြေညာချက်များအရ ဒဏ်ငွေ မလေးရှားရင်းဂစ် ၃၀၀၀ ဆိုသည်မှာ ယခုမှ ထုတ်ပြန်လိုက်သော ဒဏ်ငွေမဟုတ်ကြောင်း၊ ယခင် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၏ လုပ်ထုံးလုပ်နည်းများအရ 6p စီမံချက်မတိုင်ခင်အထိ ရင်းဂစ် ၃၀၀၀ ဒဏ်ငွေတပ်ခဲ့ကြောင်း၊ 6p စီမံချက်အကောင်အထည်ဖော်ပြီးနောက် 6p မှ အချက်တစ်ချက် (p တစ်လုံး) ဖြစ်သော PENGAMPUNAN (ပြစ်ဒဏ်ကင်းလွတ်ခွင့်)ကြောင့် ပြီးခဲ့သော ၂၀၁၂ အောက်တိုဘာလအထိ ဒဏ်ငွေပေးဆောင်ရန်မလိုဘဲ မလေးရှားနိုင်ငံမှ ထွက်ခွင့်ပြုခဲ့ကြောင်း၊ ထပ်မံ၍ ပြီးခဲ့သော ဇူလိုင်လမတိုင်မီအထိ ဒဏ်ငွေ ရင်းဂစ် ၄၀၀ နှုန်းဖြင့် ပြန်ရန်ခွင့်ပြုထားခဲ့ပြီး မည်သည့်နိုင်ငံခြားသားမဆို ပြန်မည့်သူများကို တစ်ရက်လျှင် လူဦးရေ ၄၀၀ နှုန်းဖြင့် ပြန်ရန်ခွင့်ပြုခဲ့ကြောင်း၊ ယခုပြန်လည်၍ တည်ဆဲလုပ်ထုံးလုပ်နည်းများအရ မလေးရှားနိုင်ငံသို့ ခရီးသွားအထောက်အထားအပြည့်အစုံဖြင့် ဝင်ရောက်လာပြီး Overstay ဖြစ်နေသူများ တရားဝင် ပြန်လည်ထွက်ခွာပါက ဒဏ်ငွေ ရင်းဂစ် ၂၂၀၀ ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသို့ တရားမဝင် ရောက်ရှိနေထိုင်သော Overstay များအတွက်မူ ဒဏ်ငွေမှာ ရင်းဂစ် ၃၀၀၀ ဖြစ်ကြောင်း။

ထို့အတူ မြန်မာနိုင်ငံသို့ တရားဝင်ပြန်လည်ထွက်ခွာရန် ကူညီဆောင်ရွက်ပေးနေသော ဧရာဝတီဖောင်ဒေးရှင်း၊ သီတဂူဖောင်ဒေးရှင်းတို့တွင် ပြန်ရန် စာရင်းပေးထားသူများမှာ ၂၇၀၀ ကျော်ရှိနေသေးကြောင်း၊ ထိုသူများ ပြန်ရန်အတွက် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ လူမှုကူညီရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ညှိနှိုင်းနေပြီး အကောင်းဆုံးဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်လမ်းများမှ ပြန်ရန်အတွက် ဆောင်ရွက်ပေးနေသူများထံတွင် ဝန်ဆောင်ခ ရင်းဂစ် ၁၂၀၀ ဖြင့် တစ်ပတ်အတွင်းပြန်ရန် ဆောင်ရွက်ပေးနေသူများ ရှိနေကြသလို မလေးရှားရောက် မြန်မာနိုင်ငံသားများအဖို့ မြင့်မားသော ဒဏ်ငွေပမာဏ ရင်းဂစ် ၃၀၀၀ မပေးဆောင်နိုင်သောကြောင့် နယ်စပ်ဖြတ်ကျော်လမ်းများမှ ပြန်ကြရသူများလည်းရှိနေကြောင်း မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများထံမှ ကြားသိရသည်။

စိုးဝင်း-sp

ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကို မတည်ရင်းနှီးငွေ ထုတ်ချေး

စစ်ကိုင်း ဩဂုတ် ၄

စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂ ရက် နံနက် ၉နာရီက မြို့သစ်ရပ်ကွက် သစ္စာမွန်ငွေစုငွေချေးလုပ်ငန်းခွဲအသင်းမှ အသင်းသားများကို သတ္တမအကြိမ်မြောက် ငွေထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက သမဝါယမဟူသည် ညီညွတ်မှုတသော လူမှုစီးပွားဘဝကို တည်ဆောက်နိုင်ရန် ပေါ်ပေါက်လာသည့်လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အများအကျိုးကို တစ်ဦးက ဆောင်ရွက်သလို တစ်ဦးအကျိုးကို အများက ဆောင်ရွက်သည့်အဖွဲ့အစည်းဖြစ်၍ လူမှုစီးပွားအလေးထားဆောင်ရွက်သောအဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နေသလို ရပ်ကွက်ငွေစုငွေချေးလုပ်ငန်းခွဲအသင်းမှလည်း ရပ်ကွက်အတွင်းနေထိုင်သည့် ခေါင်းရွက် ဗျပ်ထိုးဈေးသည်များကို မတည်ရင်းနှီးငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၁၄၀)

ဖမ်းဆီးရမိသော သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများအား ရောင်းချရန်လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင်သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ ဒုတိယညွှန်ကြားရေးမှူးရုံး၌ ၉-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **သင်းခွေချပ်(အကြေးခွံ) ၁၄၉ ဒသမ ၄ ကီလို**

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ ဒုတိယညွှန်ကြားရေးမှူးရုံးနှင့် မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၃-၈-၂၀၁၃ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး) ဒုတိယညွှန်ကြားရေးမှူးရုံး ဖုန်း ၀၈၂-၂၃၈၆၇၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မူဆယ်ခရိုင် ဖုန်း-၀၈၂-၅၁၅၉၉နှင့် ဦးစီးအရာရှိရုံး၊ မူဆယ်မြို့နယ် ဖုန်း-၀၈၂-၅၀၅၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

လူပျောက်

အထက်ပါဓာတ်ပုံရှင် မဇူးဇူးလွင်(ခ) အန်ဂျလာသည် ၃၁-၇-၂၀၁၃ ရက်မှစ၍ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ အပြစ်အားလုံး ခွင့်လွှတ်သည်။ ဖြားယောင်းသွေးဆောင်ထားပါက ထိရောက်စွာ အရေးယူမည်။ အကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၀၂၉၆၈၄၊
၀၉-၄၀၁၅၄၅၇၂၁၊
၀၉-၄၀၁၅၄၅၇၂၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်အတွက် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့်လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်		**အမှတ်(၂)(၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်)**
၁။ လမ်းခင်းကျောက်မျိုးစုံ	=	(၁၅၀၂၁)ကျင်း
၂။ ဖြုံး	=	(၁၇၄၁.၅)ကျင်း
၃။ သံချောင်းလုံး(ရှယ်စုံ)	=	(၂၅၉)တန်
၄။ ဘိလပ်မြေ	=	(၂၆၃.၅)တန်
၅။ သစ်မာ	=	(၁၁)တန်
၆။ သစ်(အခြား)	=	(၁၇.၇၅)တန်
တင်ဒါပိတ်မည့်ရက်/အချိန်	=	၂၀-၈-၂၀၁၃ရက် ၁၆း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်	=	၂၂-၈-၂၀၁၃ရက် ၉း၀၀နာရီ
တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ	=	ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့ (ဖုန်း-၀၈၂-၂၃၀၅၈)

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဒေါ်စိုးထွေးထွေးအောင် ၁၃/တကန(နိုင်)၁၈၅၂၆၃နှင့် အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ခင်ခင်နီ ၉/မနမ(နိုင်)၀၀၇၅၇၂၊ ဦးကျော်နီ ၁၃/တကန(နိုင်)၁၃၄၄၃၁တို့ အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်ရှိ မြေကွက်အမှတ်(၃၈၆၊ ၃၈၇) ဗိုလ်တိုက်ချွန်းလမ်းပေါ်ရှိ မြေဧရိယာ (၄)ဧကခန့်ရှိသော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင်ဒေါ်ခင်ခင်နီ သိရှိသဘောတူညီခြင်းမရှိသည့်အပြင် ဒေါ်စိုးထွေးထွေးအောင်အား ကိုယ်စားလှယ်စာလွှဲအပ်ထားခြင်းလည်း လုံးဝမရှိဘဲ၊ ဒေါ်စိုးထွေးထွေးအောင်က ၁-၈-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူ စက်မှုဇုန်မြေကွက်ရောင်း/ဝယ်ခြင်း စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ရောင်းသူကိုယ်စားလက်မှတ်ရေးထိုးပြီး တန်ဖိုးငွေကျပ်သိန်းပေါင်း လေးထောင့်နှစ်ရာငါးဆယ်တိတိဖြင့် ဦးကျော်စိန် ၁၂/ဗတထ(နိုင်)၀၂၆၈၇၉အား မမှန်မကန်လိမ်လည်ရောင်းချ၍ ကိုယ်ကျိုးအလွဲသုံးစားပြုလုပ်နေသည်ကို ဒေါ်ခင်ခင်နီက အရောင်းအဝယ်စရန်ပေးစာချုပ်မူရင်းပါ ရရှိထားပြီးဖြစ်သဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင်တရားဝင်ကန့်ကွက်ထားပြီးဖြစ်ပါသည်။ ဒေါ်စိုးထွေးထွေးအောင်က ဒေါ်ခင်ခင်နီ လက်ဝယ်ရှိ ငွေသွင်းချလန်မူရင်းတစ်စောင်မပေးပါက ကလေးနှစ်ယောက်နှင့် အမေအဆက်ပြတ်မည်ဟုလည်း ခြိမ်းခြောက်ခဲ့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ဒေါ်စိုးထွေးထွေးအောင်သည် မိမိမပိုင်သောမြေကွက်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ခင်နီကိုယ်စား လက်မှတ်ရေးထိုး မမှန်မကန် လိမ်လည်ရောင်းချနေခြင်းကိုရပ်တန့်ပြီး၊ ဒေါ်ခင်ခင်နီအား ခုနစ်ရက်အတွင်း ပြေလည်အောင်ဝန်ချတောင်းပန်ဖြေရှင်းခြင်းမရှိပါက မဟုတ်မမှန် လိမ်လည်ရောင်းချသူနှင့် အားပေးသက်ဆိုင်သူများအားလုံးကို ဥပဒေအရထိရောက်စွာ အရေးယူသွားတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**ဒေါ်ခင်ခင်နီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
(ဒေါ်ခင်ခင်နီ)	**ဦးချစ်လွင်** (ADVOCATE)
	B.Com (A.A), D.E.P, R.L
	တရားလွှတ်တော်ရှေ့နေ (၂၈၅၉)
	အမှတ် (၁၉)၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
	ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄

နိုင်ငံတကာအားကစားသတင်း

အင်္ဂလိပ်ချန်ပီယံရှစ်အဖွင့် ဝီဂန်ခြေစွမ်းပြ

အင်္ဂလိပ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲများကို စတင်ကစားပြီဖြစ်ရာ ယမန်နှစ်က တန်းဆင်းသွားသော ဝီဂန်က ဘန်လေကိုလေးဂိုးပြတ်ဖြင့် ပွဲဦးထွက်အနိုင်ယူလိုက်သည်။ မေလက မန်စီးတီးကို အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် အနိုင်ဂိုးသွင်းပေးခဲ့သူ ကွင်းလယ်ကစားသမား ဘင်ဝက်ဆင်က ဝီဂန်အတွက် ကိုက် ၂၀ အကွာမှ အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဝီဂန်အတွက် ဂရန်ဟော့၊ လင်နွန်ဘားနက်နှင့် မာလိုနီတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ဝီဂန်အသင်းသည် တန်းဆင်းသွားခဲ့ရသော်လည်း ပရီမီယာလိဂ်အသင်းတစ်သင်းကဲ့သို့ ခြေစွမ်းပြကစားခဲ့သည်။

ဘရစ်စတုန်း ဂေါက်သီးပြိုင်ပွဲ တိုက်ဂါးဝုဒ်ဦးဆောင်

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ၌ကျင်းပသည့် ဘရစ်စတုန်းဖိတ်ခေါ် (Bridgestone Invitational Title) ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲအပြီး ခုနစ်ချက်အသာဖြင့် ဦးဆောင်နေသဖြင့် ၄င်းဖလားကို ရှစ်ကြိမ်မြောက် ဆွတ်ခူးရန် နီးစပ်နေပြီဖြစ်သည်။ တိုက်ဂါးဝုဒ်သည် ပထမအကျော့နေ့မှစပြီး ခုနစ်ချက်အသာဖြင့် ပြိုင်ဘက်ကို ဦးဆောင်နေခဲ့သည်။ ဆွီဒင်ဂေါက်သီးကစားသမား ဟင်းနစ်စတန်ဆွန်က အမေရိကန်မှ ဂျက်ဆင်ဒန်နာနှင့်အတူ ရှစ်ချက်စီ လျှော့ရိုက်ထားကြသည်။

ဘာစီလိုနာမှ မန်ယူသို့ပြောင်းရန် ဖာဘရီဂတ်စ်ဆုံးဖြတ်ချက်သည် အဓိကဖြစ်

ဘာစီလိုနာ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အနေဖြင့် မန်ယူသို့ ဆန္ဒရှိလျှင်ပြောင်းရွှေ့နိုင်ကြောင်း ဘာစီလိုနာနည်းပြမာတီနိုက ပြောကြားလိုက်ပြီဖြစ်သည်။ အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်း ဖာဘရီဂတ်စ်ကို မန်ယူကခေါ်ယူရန် ပေါင် ၂၅ သန်းဖြင့် တစ်ကြိမ်၊ ပေါင်သန်း ၃၀ဖြင့် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ကမ်းလှမ်းလာခဲ့ခြင်းအပေါ် ပယ်ချခဲ့သည်။ သို့သော်လည်း မန်ယူက တတိယအကြိမ်အဖြစ် ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း သိရသည်။ ယခုတတိယအကြိမ် မန်ယူကပေါင် ၃၀ ဒသမ ၇၅ သန်းအထိပေးပြီး ကမ်းလှမ်းသွားရန် စီစဉ်နေသည်။

ဘာစီလိုနာနည်းပြမာတီနိုက ဖာဘရီဂတ်စ်ကို ဘာစီလိုနာ၌သာ ဆက်ကစားစေလိုသည်ဟုဆိုသည်။ သို့သော်လည်း ဖာဘရီဂတ်စ်၏ ဆန္ဒသာလျှင် အဓိကဖြစ်ကြောင်း၊ ၎င်းဆန္ဒရှိလျှင် မန်ယူသို့ပြောင်းနိုင်ကြောင်း ပြောကြားသည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာချန်ပီယံများဖလား ဘောလုံးပြိုင်ပွဲ ရီးရဲမက်ဒရစ် ဗိုလ်လုပွဲတက်ပြီ

မိုးမြင့်လင်းလက်

နိုင်ငံတကာချန်ပီယံများဖလား ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျူဗင်တပ်စ်နဲ့ လော့စ်အိန်ဂျလိစ်ဂလက်စီတို့ပွဲမှာ လော့စ်အိန်ဂျလိစ်က နိုင်ပွဲရပြီး အဲဗာတန်နဲ့ ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်တို့က နိုင်ပွဲရရှိခဲ့ပါတယ်။

အဲဗာတန်နှင့် ရီးရဲမက်ဒရစ်

ဒီပွဲမှာ အဲဗာတန်တို့ခက်ခဲတဲ့ ပဋ္ဌာတစ်ပုဒ်ကို တွက်ချက်ခဲ့ရပါတယ်။ ရီးရဲမက်ဒရစ်ဟာ အမာခံကစားသမားတွေအများအပြား ထည့်သွင်းကစားခဲ့ပြီး အဲဗာတန်ကို ဖိအားပေးကစားခဲ့ပါတယ်။ အဲဗာတန်အသင်းဟာ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကို ဟန့်တားရင်း ဂိုးရရှိရေးကြိုးစားခဲ့လို့ ရီးရဲမက်ဒရစ်ခံစစ်မှူးတွေ ကြိုးစားထိန်းချုပ်ခဲ့ရပါတယ်။

ဂိုးမသွင်းနိုင်

ဒါပေမယ့် ရီးရဲမက်ဒရစ်ဟာ အဖွင့်ဂိုး စောစီးစွာသွင်းယူနိုင်ရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၁၇ မိနစ်မှာ စီရိုနယ်ဒိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အဲဗာတန်တို့ချေပဂိုး သွင်းယူနိုင်ရေးကြိုးစားခဲ့ပေမယ့် ရီးရဲမက်ဒရစ်နောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့တာမို့ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။

ဆက်လက်ပြီး ပွဲချိန် ၃၁ မိနစ်မှာ အိုဇီးလ်က ရီးရဲမက်ဒရစ်အတွက် တစ်ဂိုးသွင်းယူခဲ့တာမို့ ရီးရဲမက်ဒရစ်တို့ ပထမပိုင်းပွဲချိန်အတွင်းမှာပဲ နှစ်ဂိုးရရှိခဲ့ပါတယ်။ အဲဗာတန်အသင်းဟာ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ချေပဂိုးရရှိရေး ကစားအားတင်ခဲ့တာမို့ ပွဲချိန် ၆၁ မိနစ်မှာ ဂျီလာဗစ်က ဂိုးသွင်းပြီး တစ်ဂိုးချေပနိုင်ခဲ့ပါတယ်။

ပွဲချိန်ပြည့်တဲ့အထိ နှစ်သင်းစလုံး ဂိုးဆက်လက်မသွင်းနိုင်ခဲ့တာမို့ ပွဲအပြီးမှာ ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်သွားပြီဖြစ်တယ်။

ဂျူဗင်တပ်စ်နှင့် လော့စ်အိန်ဂျလိစ်ဂလက်စီ

လော့စ်အိန်ဂျလိစ် ဂလက်စီအသင်းဟာ ဂျူဗင်တပ်စ်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်တွေကိုလည်း အပိုင်အသုံးချနိုင်ခဲ့ပါတယ်။ လော့စ်အိန်ဂျလိစ်ဂလက်စီ အတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၆ မိနစ်မှာ ဝွန်ဇာလက်စ်က သွင်းယူနိုင်ခဲ့ပေမယ့် ပွဲချိန် ၃၉ မိနစ်မှာ မာတရီက ဂျူဗင်တပ်စ်အတွက် ချေပဂိုး ချက်ချင်းပြန်သွင်းယူခဲ့ပါတယ်။

ပထမပိုင်းပွဲချိန်အတွင်းမှာ နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ လော့စ်အိန်ဂျလိစ်ဂလက်စီက ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ရေး ထိုးဖောက်တိုက်စစ်ဆင်ခဲ့တာမို့ ပွဲချိန် မိနစ် ၆၀မှာ ဒိုနိုဗင်က တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ လော့စ်အိန်ဂျလိစ်တို့ နှစ်ဂိုးရရှိခဲ့ပါတယ်။

ဆက်လက်ပြီး လော့စ်အိန်ဂျလိစ်အတွက် တတိယဂိုးကို ပွဲချိန် ၈၉ မိနစ်မှာ ကိန်းက သွင်းယူခဲ့တာမို့ ပွဲအပြီးမှာ လော့စ်အိန်ဂျလိစ်က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လော့စ်အိန်ဂျလိစ် ဂလက်စီအသင်းဟာ အေစီမီလန်နဲ့ ချယ်လ်ဆီးတို့ပွဲက ရှုံးတဲ့အသင်းနဲ့ တတိယနေရာလုပွဲအဖြစ် ကစားရမှာဖြစ်ပါတယ်။

အေစီမီလန်နဲ့ ချယ်လ်ဆီးတို့ပွဲရဲ့ နိုင်တဲ့အသင်းကတော့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဩဂုတ် ၇ ရက်မှာ ရီးရဲမက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဘောလုံးသတင်းအတိုအထွာ

မောင်ချစ်ကြည်

- ချယ်လ်ဆီးက မန်ယူတိုက်စစ်မှူး ရွှန်းနေကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ အထိပေးရန် စီစဉ်နေသည်။
- စပါးတိုက်စစ်မှူးအသက် ၃၀အရွယ်ရှိ ဒီဖိုးကို ကျူပီအာနည်းပြ ဟာရီရက်နက်က ခေါ်ယူမည်ဖြစ်သည်။
- ဖူလ်ဟမ်အသင်းသည် ဗီလာတိုက်စစ်မှူး ဒါရင်ဘင့်ကို စာချုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ဆွမ်ဆီးအသင်းခေါင်းဆောင် အက်ရှ်လေဝီလီယံကို ခေါ်ယူနိုင်ရေး စီစဉ်နေသည်။
- အာဆင်နယ်က အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂါဗင်ဟိုကို ရိုးမားအသင်းသို့ ပေါင်ရှစ်သန်းဖြင့် ရောင်းချမည်ဖြစ်သည်။
- ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်သည် စွမ်းဆောင်ရည်ကျဆင်းပါက ပုံမှန်ပွဲကစားခွင့်ရမည်မဟုတ်ကြောင်း မော်ရင်ဟိုက သတိပေးလိုက်သည်။
- မန်ယူနည်းပြအဖြစ်မှ ဖာဂူဆန်အနားယူသွားမှုသည် မန်ယူအသင်း၏ အောင်မြင်မှုကို ထိခိုက်စေနိုင်ကြောင်း ပရီမီယာလိဂ် ကွင်းလယ်ဒိုင်လူကြီး ဖီးလ်ဒေါ့က ပြောကြားသည်။
- အသက် ၃၀ အရွယ်ရှိ အမေရိကန်ကွင်းလယ်ကစားသမားဒမ်ပ်ဆေးက စပါးအသင်းမှ အဲဗာတန်သို့ ပြောင်းရွှေ့ရန်ပြင်ဆင်နေသည်။
- မန်ယူတိုက်စစ်မှူး ရွှန်းနေသည် တံကောက်ကြောဒဏ်ရာ ရရှိနေမှုမှ ပြန်လည်သက်သာလာပြီး ဘောလုံးပွဲများ ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။
- ဘာစီလိုနာတိုက်စစ်မှူးမက်ဆီက လာမည့်ဘောလုံးရာသီတွင်လည်း လာလီဂါဖလားမှာ မိမိတို့အတွက်သာဖြစ်ရန် ကြိုးစားသွားမည်ဟု ပြောကြားသည်။

အမြို့မြို့အနယ်နယ်မှ သည်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၈-၂၀၁၂(တနင်္လာနေ့)
(၁၃၇၄ ခုနှစ်၊
ဝါဆိုလပြည့်ကျော်(၁၄)၊ အဖိတ်နေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၁၅ **လွင်မိုးခရီးသွားနေသည်** (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၈)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၃၀ SEA Games Go for Gold **“ပြေးခုန်ပစ်” (သံပြားပစ်)**
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

နေ့လယ်ပိုင်း

၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် **ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား** ကျော်ဟိန်း၊ မေသန်းနု (ဒါရိုက်တာ-စင်ရော်မောင်မောင်)

ညပိုင်း

၁၅း၀၀ ပြည်တွင်းသတင်း
၁၅း၁၅ **မနီတို့၏ ရွာနှင့်မြစ်**
၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၁၅ SEA Games ဇာတ်လမ်းတို **“အနီကတ်”** ဇာနည်၊ ထွန်းထွန်း၊ သဇင် (ဒါရိုက်တာ-ညွန့်မြန်မာ-ညီညီအောင်)
၁၈း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၁း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း **မြန်မာ့လက်မှုအနုပညာ သီရိမြန်မာ ကြေးပန်းထိမ်လက်ရာ** အိန္ဒိယရုပ်ရှင် **ချစ်တတ်သူရဲ့ စစ်သားကောင်းကင်** (ဇာတ်သိမ်း)

ကန့်ကွက်နိုင်ပါကြောင်း

(LL.B)

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Ph: 01-375970, 0951 72096, 0950 47516

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၁၂၁၃ အမည်ပေါက် ဦးတင်ဦး KTN -၀၁၄၀၄၅၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးသက်ဆွေ ၉/ပမန(နိုင်)၁၅၀၂၅၅က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များ တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ခိုတ်ခန်းရောင်းမည်

HK

Ph:09 44901271 0

အလိမ္မာ စာမှာရှိ

နှမ်းထိုက်သူ

ဂုဏ်ယူစွာဖြင့်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းလျက်.........

သတင်းဆောင်းပါးနှင့်ကြော်ငြာ

တစ်ရက်ဆန်အိတ်ရေငါးသောင်းကျော် ဝင်နေ၊ ဆန်ဈေးပုံမှန်ဖြစ်လာ

သတင်းမြင်ကွင်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဩဂုတ် ၄

ဇူလိုင်လ ဒုတိယပတ်မှစ၍ တတိယပတ်အထိ ဆန်ကြမ်းရော၊ ဆန်ချောပါ ဈေးတက်သွားသည်။ ပုံမှန်ရောင်းဈေးထက်ဆန်တစ်အိတ်ကို ဆန်ချောကငွေကျပ်၁၅၀၀ခန့် နှင့်ဆန်ကြမ်းက တစ်အိတ် ငွေကျပ် ၈၀၀ခန့် ဈေးနှုန်းမြင့်သွားကြောင်း ရန်ကုန်မြို့ဝါးတန်းလမ်း ဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။ အထက်အညာမှ နယ်ဆန်ကုန်သည်ပွဲစားများနှင့် မြိတ်၊ ထားဝယ်မြို့များမှ ဆန်ကုန်သည်များက မော်တော်သင်္ဘောများဖြင့် လာရောက်ပြီး ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များသို့ တိုက်ရိုက်ကွင်းဆင်းဝယ်ယူကြသည်။ ဆန်ရောင်းသူများကလည်း ကိုယ်တိုင် ကွင်းဆင်းဝယ်ယူသဖြင့် ဈေးမြှင့်ရောင်းချကြသည်။ ကုန်စည်ဒိုင် တင်ပို့ရောင်းချခြင်းထက် ကုန်သည်သို့ တိုက်ရိုက်ရောင်းချခြင်းက ပို၍ မြတ်စွန်းသည်။ ယခုဇူလိုင် နောက်ဆုံးပတ်မှစ၍ ဩဂုတ် ၂ ရက်အထိ နယ်ဆန်ကုန်သည်များ ကွင်းဆင်းဝယ်ယူတော့ခြင်း မရှိတော့သဖြင့် ယခင်ကုန်စည်ဒိုင်ပုံမှန်ဈေးသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်ကြောင်း ဝါးတန်း ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးတင်ဦးက ပြောကြားသည်။

"ရွှေဘိုဆန်ချောတွေက ဇူလိုင် ၂၀ ရက်ကစပြီး ဈေးတက်သွားတာ တစ်အိတ်ကို ငွေကျပ်၁၅၀၀ လောက်အထိတက်သွားတာ၊ အလယ်အလတ်ဆန်တစ်အိတ်ကို ငွေကျပ်၃၅၀၀၀နဲ့ ၃၆၀၀၀အထိ ဖြစ်သွားတာ၊ အခုတော့ ပြန်ကျသွားပါပြီ။ ရွှေဘိုဆန်တွေက တစ်ရက်ကို အိတ်ရေနှစ်သောင်းကျော်လောက် ရန်ကုန်ကို ၁၂ ဘီး ကားတွေနဲ့ ဝင်နေတယ်၊ ရွှေဘိုဆန်က ကြိတ်ခွဲတဲ့စက်ပေါ်မူတည်ပြီး သုံးလေးမျိုးလောက်ရှိတယ်။စပါးအမျိုးအစားပေါ် မူတည်ပြီး ဆန်အရည်အသွေးလည်းကွာတယ်လေ။ သီဂီ၊ ရွှေမိုးထွန်း၊ ရွှေမြန်မာတို့က ဈေးကောင်းရကြပါတယ်။ ဒါကတော့ လက်ကားဈေးပေါ့နော်၊ လက်လီကျတော့ တစ်အိတ်ကို တစ်ထောင်လောက်ကွာတာပေါ့"ဟု သီဂီဆန်စက်၊ စက်အမှတ်(၁၈၉)မှ ဆန်ကုန်သည် ဦးမောင်မောင်ဇင်က ပြောကြားသည်။

လပွတ္တာမြို့နယ်မှ ကုန်စည်ဒိုင် အကျိုးတော်ဆောင် ဦးကျော်နိုင်ကလည်း"အခုတလော ဧရာဝတီတိုင်းဒေသကြီးဘက်မှာ မိုးရွာတာ၊ ရေကြီးတာ၊ စပါးခင်းတွေရေမြုပ်တာမဆန်းပါဘူး၊ နှစ်စဉ် ဖြစ်ရိုးဖြစ်စဉ်ပါပဲ၊ ရေပြန်ကျရင် ချက်ချင်းနောက်ကျ ပြန်စိုက်လုပ်မှာပဲ၊ လယ်သမားတွေက လည်းကြိုသိပြီးတွက်ပြီးသား၊ မျိုးစပါးကအသင့်ရှိတယ်။ ရက်ရှည်လများ ရေမြုပ်ရင်တော့လည်း ပျက်စီးရမှာပေါ့၊ဒါကလည်း ဖြစ်ခဲပါတယ်။ ရေပြန်ကျသွားတာ များပါတယ်။ရေငန်ဒေသဖြစ်လို့ အခုမှ စစိုက်တဲ့လူလည်း ရှိတာပါပဲ။ ဒါကြောင့် စိုက်ပျိုးချိန်နောက်ကျတော့ စပါးပေါ်လည်း နောက်ကျပြန်တာပါပဲ၊ ဆန်ထွက်နှုန်းလည်းမလျော့ပါဘူး" ဟု သူ့အတွေ့အကြုံကို ပြောသည်။

ဩဂုတ် ၂ ရက်က လပွတ္တာမြို့နယ်မှ ဝိစူရနှစ်ထပ်သင်္ဘောဖြင့် ရောက်ရှိလာသော ဆန်အိတ်များကို လမ်းမတော် ကိုင်းတန်း ဖောတံတားတွင် ကုန်တင်ကားများပေါ်သို့ လုပ်သားများက တိုက်ရိုက် သယ်ယူတင်ပို့နေကြစဉ်။

ရန်ကုန်မြို့ ဝါးတန်းလမ်း ကုန်စည်ဒိုင်သို့ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁ ရက်ထိ ကုန်စည်ဒိုင်ဖွင့်ရက် ၁၂ ရက်အတွင်း ဆန်အိတ်ရေ ၆၄၅၇၄၃ အိတ်ဝင်ရောက်ခဲ့သဖြင့် တစ်ရက်ပျမ်းမျှဆန်အိတ်ငါးသောင်းသုံးထောင်ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂ ရက် ကုန်စည်ဒိုင်၏ လက်ကားဈေးနှုန်းမှာ ဆန်အရည်အသွေးကိုလိုက်၍ ၁၀၈ ပေါင်ဝင် တစ်တင်းခွဲဆန်အိတ် ဖျာပုံ၊ ဒေးဒရဲပေါ်ဆန်း ငွေကျပ် ၂၂၀၀၀ မှ ၂၇၅၀၀၊ မြောင်းမြ ပုသိမ် ပေါ်ဆန်း ငွေကျပ် ၂၄၀၀၀ မှ ၂၉၅၀၀၊ ပေါ်ဆန်း(နယ်စုံ) ငွေကျပ် ၂၂၅၀၀ မှ ၂၅၅၀၀၊ ဧည့်မထ ငွေကျပ် ၁၅၀၀၀ မှ ၁၈၀၀၀၊ ငစိန်ငွေကျပ် ၁၅၃၀၀မှ ၁၆၅၀၀ ၊ မြီးရုံးငွေကျပ် ၁၉၅၀၀မှ၂၂၀၀၀၊ဧည့်မထဆန်ကွဲ(၂-၃-၄)ငွေကျပ် ၁၁၄၀၀ မှ ၁၁၈၀၀၊ ရွှေဘိုပေါ်ဆန်းငွေကျပ် ၃၂၀၀၀မှ ၃၄၀၀၀၊ မိုးဆန်ရှယ်(ဇီယာ-နံ့ကား) ငွေကျပ် ၁၉၅၀၀ နှင့်မိုးဆန်ရှယ်(မနောသုခ) ငွေကျပ် ၂၀၀၀၀ တို့ ဖြစ်ကြောင်း သိရသည်။ လမ်းမတော် ကိုင်းတန်း(၂)ဖောတံတားတွင် ဝိစူရ နှစ်ထပ်သင်္ဘောဖြင့် လပွတ္တာမှ ဆန်အိတ်ရေ ၁၅၀၀ နှင့် ကျုံမငေးမြို့မှ အောင်တံခွန်မော်တော်ဖြင့် ဆန်အိတ်ရေ ၃၀၀၊ ကျုံမငေးမြို့မှ စိန်ရတနာနှင့် နှစ်ထပ်သင်္ဘောဖြင့် ဆန်အိတ်ရေ ၆၀၀၀ တို့ ရောက်ရှိလာရာ ဩဂုတ် ၂ ရက်က မိုးလုံလေလုံ ကွန်တိန်နာကားများပေါ်သို့ ဆိပ်ကမ်း လုပ်သားများ သယ်ပို့နေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း။

ပြည်သူများစားသုံးရန် မသင့်လျော်သည့် ပစ္စည်းများ ဖျက်ဆီး

မူဆယ် ဩဂုတ် ၄

ရှမ်းပြည်နယ် မူဆယ်မြို့ (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း၌ ဧပြီ ၁ ရက်မှ ဇူလိုင် ၂၆ ရက်အထိ တရားမဝင်တင်သွင်းလာသော ရီမုကွန်ထရိုးပါကားပစ္စည်းမျိုးစုံ ၁၅၅ ခု၊ စံမမီခြင်ဆေးခွေ ၅၅၉ ဖာ၊ ဖဲထုပ်မျိုးစုံ ၄၃၇ ဖာ၊ ပိုးသတ်ဆေးမျိုးစုံ ဖာ ၄၀၊ စားသုံးရန်မသင့် ကြက်အူချောင်း ခုနစ်မျိုး ဖာ ၅၀၊ အခွန်မဆောင် တရုတ်ဘီယာ ဖာ၂၀၀၊ စံမမီ ပဲပုပ် ၈ မျိုး ဖာ ၂၀ ၊ တရားမဝင် ကြက်အသားတိုးဆေးမျိုးစုံ ၁၀၇ အိတ်၊ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၁၈၅၅၂၁၀၀ ကို Mobile Team (မူဆယ်-မန္တလေး) တာဝန်ကျဝန်ထမ်းများက စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပြီး ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ရွှေသမင်ဂေါက်ကွင်းပြင် ဖျက်ဆီးကွင်း၌ အကောက်ခွန်ဦးစီးဌာန ပြည်နယ်မှူး ဦးဇော်မင်းသိန်း ဦးဆောင်သော ခြောက်ဦးပါအဖွဲ့ဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါရုံးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) သုတေသနသုံးပစ္စည်း(၁)မျိုး
(ခ) ကျောက်မျက်ပန်းထိမ်လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ကျောက်စိမ်းအလုပ်ရုံသုံးပစ္စည်းများ
(ဃ) သန့်ရှင်းရေးသုံးပစ္စည်းများ
(င) လျှပ်စစ်ပစ္စည်းများ
(စ) ဘက်ထရီ/တာယာ/စက်ဆီချောဆီများ
(ဆ) ဝန်ထမ်းတူညီဝတ်စုံ(အမျိုးသား/အမျိုးသမီး)

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၅-၈-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၄-၉-၂၀၁၃ ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်မျက်ပြတိုက်(နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၄၈၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၇-၈-၂၀၁၃ရက်နှင့်စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၃-၈-၂၀၁၃ ရက်တွင်ဖွင့်ပါမည်။ ၂၃-၇-၂၀၁၃ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ **သ** လိုင်စင်နှင့် **ခ** လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၅-၈-၂၀၁၃ရက်တွင်ဖွင့်လှစ်ပါမည်။ **ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား စီမံကိန်းစခန်းမှ စီမံကိန်းနေရာများသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၈-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၉-၈-၂၀၁၃ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Lap Top	(1) No
(ခ)	Copier Toner, Printer Cartridge စသည်များ	(၆) မျိုး
(ဂ)	ရုံးသုံးစာရေးကိရိယာ	(၃၄) မျိုး
(ဃ)	ဘက်ထရီ၊ တာယာ	ဆိုဒ်စုံ

တင်ဒါပိတ်ရက်နှင့်အချိန် - ၂-၉-၂၀၁၃ရက်၊ ၁၅:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်သတ္တုထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ/ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၃၇၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)
ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမည်	အရေအတွက်
(၁)	Officer table (L=6', B=4', H=2'6")	၂၀ လုံး
(၂)	Book Case	၂၀ လုံး
(၃)	File Shelfs	၂၀ လုံး
(၄)	Cabinet(Lecco 4 Drawers)- Width3',Height6'	၅ လုံး
(၅)	ဖိုင်တင်စင်(Lecco/taiyo/Standard)	၂၀ လုံး
(၆)	Computer table	၃၀ လုံး
(၇)	လက်တင်ပါကုလားထိုင်	၂၀ လုံး
(၈)	သစ်သားဆက်တီ	1 Set
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
(၁၀)	သဘာပတိထိုင်ခုံ(ကျွန်း၊ ဆိုဖာ၊ ထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တန်းပါနောက်မှီနှင့် ခြေထောက်[illegible])	၁၀ လုံး
(၁၁)	စကားပြောစင်	၃ လုံး
(၁၂)	Plastic Chair (Armed)	၂၀ လုံး
(၁၃)	Plastic Chair (Armless)	၃၀ လုံး
(၁၄)	Lab Table	၂၀ လုံး
(၁၅)	Bed stead (Single)	၂ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း၊ ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)တွင် လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-[illegible]

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၈)၊ တောင်ကုတ်မြို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ၆"×၉" ကျောက်များကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ပေးပို့ရမည့်နေရာ
၁။	၆"×၉"ကျောက်	၃၂၂၄ ကျင်း	ပြည်-တောင်ကုတ်လမ်း မိုင်(၄၁/၀-၇၄/၀)

၂။ **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၁၅-၈-၂၀၁၃ ရက် ၁၅:၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၈-၂၀၁၃ ရက် ၁၄:၀၀ နာရီ
၄။ တင်ဒါလျှောက်လွှာများကို အောက်ဖော်ပြပါဌာနတွင် ၂-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၈)၊ တောင်ကုတ်မြို့ ဖုန်း-၀၉-၄၉၆၆၈၄၀၀

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.10/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် 70 mm Ø Steel Ball (120) Tons

Tender No.11/ HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် တာယာမျိုးစုံ (450) Sets

Tender No.12/HPGE/2013-2014
(က) ရုံးချုပ်နှင့်စက်ရုံများအတွက် ရုံးသုံးစက်ကိရိယာပစ္စည်း(၄)မျိုး (28) Nos

Tender No.13/HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် 12 Volt 120 Ah ဘက်ထရီ (100) Nos

Tender No.14/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် ဓာတုဗေဒပစ္စည်းများ (10) Items

Tender No.15/HPGE/2013-2014
(က) ဘီလူးချောင်း(၂)စက်ရုံအတွက် စက်ဆီ/ချောဆီများ (220) Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် စက်တင်ဘာ၅ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

ဖေ့ာ်လမြိုင်နှင့်ဝန်းကျင်သတင်းများ

မွန်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် (UNDP)နှင့် ပူးပေါင်းလုပ်ဆောင်ရန် ဆွေးနွေး

မော်လမြိုင် ဩဂုတ် ၄

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ (UNDP) United Nations Development Programme ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Ms. Zeona Ann Chridine Dellnas ပါ လေးဦးတို့သည် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ Ms. Zeona Ann Chridine Dellnas နှင့် အဖွဲ့သည် ကောင်းမွန်သော အုပ်ချုပ်မှုဆီသို့ ဦးတည်ကြောင်း၊ စီမံမှုနှင့်ပတ်သက်သောလုပ်ငန်းစဉ်များ၊ ငွေရေးကြေးရေးစီမံခန့်ခွဲမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိခြင်း စသည့် အုပ်ချုပ်မှုကဏ္ဍတွင် လိုအပ်သော အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် စွမ်းရည်မြှင့်တင် ကူညီဖြည့်စွက်သွားမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုဆိုသည်မှာ လုပ်ငန်းစဉ်ပင်ဖြစ်ကြောင်း၊ ထိုသို့ စီမံကိန်းလုပ်ငန်းစဉ်များကို ရေးဆွဲရာ၌ ပြည်သူ့အသံကို နားထောင်ရမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက် နောက်ဆုံးထားစီစဉ်ကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ခြောက်မြို့နယ်ရွေးချယ်၍ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများကို ဝေမျှခြင်းဖြစ်ပြီး ဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်လိုကြောင်းပြောကြားခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို လက်ကမ်းကြိုဆိုကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။ **(လ/၀၁၂)**

အရက်မူးနေသူ သားကြောင့် မိခင်သေဆုံး

မော်လမြိုင် ဩဂုတ် ၄

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကရင်ကျေးရွာ ကုလားကုန်းပိုင်းနေ ဝင်းမောင်(ခ)တန်ပီ (၄၃နှစ်)သည် အရက်သေစာသောက်စားမူးယစ်ပြီး နေအိမ်သို့ပြန်ရောက်စဉ် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက တစ်အိမ်တည်းနေ မိခင်ဖြစ်သူ ဒေါ်လချမီး(၇၈ နှစ်)ကို ရန်ပြု၍ ထိုးကြိတ်ကန်ကြောက်ခဲ့ကြောင်း သိရသည်။ ထို့နောက် မိခင်ကိုနေအိမ်ပေါ်မှဆွဲခေါ်ပြီး နေအိမ်ခေါင်းရင်းရှိ ဦးဆံရှည်၏နေအိမ် မိလ္လာကျင်းထဲသို့ပစ်ချခဲ့သဖြင့် ဒေါ်လချမီးမှာ နေရာ၌သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်မြို့ရဲစခန်းက ဝင်းမောင်(ခ) တန်ပီအပေါ် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လ/၀၁၂

လူကုန်ကူးမှုဆိုင်ရာ ပညာပေးဟောပြော

မော်လမြိုင် ဩဂုတ် ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ နဝရတ်ရပ်ရှိ သာသနာ့ဝေပုလ္လဆွမ်းလောင်း ဓမ္မာရုံတွင် လူကုန်ကူးမှုအထူးအဖွဲ့ (မော်လမြိုင်)က လူကုန်ကူးမှုဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ ဟောပြောပွဲသို့ သိမ်ဇရပ်ရဲစခန်းမှူး ရဲအုပ်မျိုးသက်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ဇော်၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြပြီး စခန်းမှူး ရဲအုပ်မျိုးသက်က အမှာစကားပြောကြားကာ လူကုန်ကူးမှု အထူးအဖွဲ့ (မော်လမြိုင်)မှ ရဲအုပ်ကျော်စိုးထွန်းနှင့် ဒုရဲအုပ်ဌေးလွင်တို့က လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဟောပြောကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(လ/၀၁၂)

ဆေးခြောက်တွေ့ရှိမှုဖြင့် ဖမ်းဆီးထားသူ ဆေးစစ်ပြီးအပြန် ထွက်ပြေး

မော်လမြိုင် ဩဂုတ် ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဝါးဒက်ကွင်းကျေးရွာလမ်းရှိ ဗိုလ်သော်ဆီဆိုင်အနီးတွင် ကိုစိုင်း(ခ) စိုင်းမင်းသူ(၂၆ နှစ်) မောင်းနှင်ပြီး ဆက်ပိုင်ထူး(၂၂ နှစ်) လိုက်ပါစီးနင်းလာသည့် ဟွန်ဒါဝေ့ဖ်အမျိုးအစား (လိုင်စင်စိစစ်ဆဲ) ဆိုင်ကယ်ကို ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီခန့်က ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်၏ ထိုင်ခုံအောက်မှ ဆေးခြောက်အရွက် ၇၀ ကျပ်သားခန့် (တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ခန့်)ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ည ၇ နာရီခွဲခန့်တွင် သိမ်ဇရပ်ရဲစခန်းက ကိုစိုင်း(ခ) စိုင်းမင်းသူ အပါအဝင် နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

အမှုတွင် ဖမ်းဆီးထားသူ နှစ်ဦးအနက် ကိုစိုင်း(ခ)စိုင်းမင်းသူသည် ည ၉ နာရီခွဲတွင် သိမ်ဇရပ်တိုက်နယ်ဆေးရုံမှ ဆေးစစ်ပြီး ပြန်ခေါ်လာစဉ် လမ်းတွင် ထွက်ပြေးသွားကြောင်းသိရသည်။ **(လ/၀၁၂)**

ဆိုင်ကယ်ကိုကျော်တက်စဉ် ယာဉ်တိမ်းမှောက်

မော်လမြိုင် ဩဂုတ် ၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဈေးကြိုရပ်ကွက် တောင်ဝိုင်းရပ်ကွက် အမှတ်(၄)မော်တာလမ်း လူမနေသော အုတ်တံတိုင်းခတ်ထားသည့် အမြင့်ခြောက်ပေခန့်ရှိ အုတ်တံတိုင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စား၍ မြေပျော့ပြီး အုတ်တံတိုင်းပြိုကျမှုကြောင့် သေဆုံးခဲ့သည့် ဒေါ်အုံးသွင်၏ နာရေးကို ဩဂုတ် ၁ရက် မွန်းလွဲ ၂ နာရီခွဲက လိုက်ပါပို့ဆောင်သော ယာဉ်မောင်း ဇော်ထက်(၂၅နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် ၈ဃ/-----လိုက်ထရပ်အဖြူရောင်ယာဉ်သည် မင်းရွာအနီးအရောက်တွင် ဦးအေးသိန်း (၄၅နှစ်) ကျိုက်မရောမြို့နေထိုင်သူ စီးနင်းမောင်းနှင်လာသည့် ဒရင်းအနီရောင်ဆိုင်ကယ်ကို ကျော်တက်စဉ် ချိုတ်မိပြီး လိုက်ထရပ်ယာဉ်မှာ တိမ်းမှောက်သွားသဖြင့် ယာဉ်ပေါ်ပါသူ ဖိုးသာထူး(၁၈နှစ်)မှာ အတွင်းလူနာအဖြစ် ကုသနေရပြီး ကျန်ရှိသည့် ၁၈ ဦးမှာ ထိခိုက်မှုများ ရရှိသဖြင့် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီးတွင် ကုသထားရသည်။

အရေးယူ

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်ထက်အပေါ် မြိုင်သာယာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လ/၀၁၂

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ဘွိုင်လာစစ်ဆေးရေး)
ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်သူများသင်တန်းကို ၁၉-၈-၂၀၁၃ရက်မှ ၂၇-၉-၂၀၁၃ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာ ဝန်ထမ်းမဟုတ်သော ပြင်ပမှ တက်ရောက်လိုသူ မည်သူမဆို ၁၅-၈-၂၀၁၃ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန - **အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၇၀၀၉**

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Computer အပါအဝင်ရုံးသုံးစက်ပစ္စည်း	၁၉ မျိုး
(ခ)	Geological Equipments & Laboratory Equipments	၃ မျိုး
(ဂ)	ဓာတ်ခွဲခန်းသုံးဓာတ်ဆေးနှင့်လုပ်ငန်းသုံးပစ္စည်း	၇၁ မျိုး
(ဃ)	Computer Toner, Copier Toner & Accessories	၃၆ မျိုး
(င)	ဆေးဝါးပစ္စည်း	၃၁ မျိုး
(စ)	ဘူမိကွင်းဆင်းလုပ်ငန်းသုံးပစ္စည်း	၄ မျိုး
(ဆ)	ဝတ်စုံ	၄ မျိုး
(ဇ)	Sample Bag	၂ မျိုး
(ဈ)	ဘက်ထရီနှင့်စက်ဆီချောဆီ	၂ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၅-၈-၂၀၁၃ ရက်မှ ၄-၉-၂၀၁၃ ရက် ၁၂:၀၀ နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၁)၊ သတ္တမတန်း (C)မှ မောင်ဝေဇင်ထွန်းနှင့် တက္ကသိုလ်ဝင်တန်း (ပြင်ပဖြေ)မှ မခိုင်သဇင်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်နိုင် ၁၃/တကန(နိုင်) ၀၁၉၃၀၀ဖြစ်ပါသည်။

မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(အတွဲ-၇ B)မှ မဝတ်ရည်နှင်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ယုယုလွင် ဖြစ်ပါကြောင်း။

ဒေါ်ယုယုလွင် ၁၂/လသန(နိုင်)၀၁၄၂၂၃

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-051(2013-2014)	3.3KV High Tension Auto Transformer Type Motor Starter Complete Set	(1) Set	US$
(၂)	IFB-052(2013-2014)	Spares for Komatsu Dozer	(15) Items	US$
(၃)	IFB-053(2013-2014)	Spares for GM 6V 71 Engine (Ex Cooper Well Servicing Unit)	(13) Items	US$
(၄)	IFB-054(2013-2014)	20" Factory Made Hot Bends	(8) Items	US$
(၅)	IFB-055(2013-2014)	10" Steel Ball Valves and Pipe Fittings	(1) Lot	US$
(၆)	IFB-056(2013-2014)	Spares for CAT D 379 Engine	(9) Items	US$
(၇)	IFB-057(2013-2014)	Spares for CAT D 399 Engine	(1) Item	US$
(၈)	IFB-058(2013-2014)	Spares for CAT D 399 Engine	(20) Items	US$
(၉)	IFB-059(2013-2014)	Over Running Clutch for Gefco Rig	(2) Nos	US$
(၁၀)	IFB-060(2013-2014)	Spares for GM 8V 71 Engine	(11) Items	US$
(၁၁)	DMP/L-026(2013-2014)	7:00 × 16 & 7:50 × 16 Tyres	(2) Items	Kyat
(၁၂)	DMP/L-027(2013-2014)	Electronic Cards for Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat
(၁၃)	DMP/L-028(2013-2014)	Insert Bowl for ZP -375 Rotary Table Ex ZJ 70L Drilling Rig	(1) Pair	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

စက်ရုံငှားရမ်းရန်အတွက် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်)အား ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိက ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ပါသည်။

(က) **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၁-၈-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂-၉-၂၀၁၃ ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅

အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပေါင်မြို့နယ်၊ ဖလပ်ကျေးရွာတောင်ပိုင်း၊ ရပ်ကွက် ၁ နေ (ဘ)ဦးစီး ၁၀/ပမန(နိုင်)၀၂၅၀၀၃ (အမိ) ဒေါ်ပွင့် ၁၀/ပမန(နိုင်)၀၅၂၀၀၁တို့၏သမီး မနီနီမွန် ၁၀/ပမန(နိုင်)၀၅၂၀၀၇သည် မိဘညီအစ်ကိုမောင်နှမတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများပြုလုပ်၍ အိမ်ပေါ်မှ မိမိသဘောဆန္ဒဖြင့် အကြိမ်ကြိမ်ဆင်းသွားပါသည်။ ထို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ သူမနှင့်ပတ်သက်သည့်ကိစ္စများကို မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

အမိ ဒေါ်ပွင့်မိသားစု

စာဖတ်သူနှင့်စာဖတ်ခြင်းနည်းပညာ

ကောင်းညွန့်ဝေ (ရေစကြို)

မကြာသေးမီက မြန်မာ့အလင်းသတင်းစာတွင် ကျွန်တော်ရေးသည့် စာဖတ်များလေ စာရေးကောင်းလေ ဆောင်းပါးကို ဖတ်လိုက်ရသည့် စာရေးစာဖတ်ဝါသနာပါသော လူငယ်တစ်ဦးက "စာကိုဘယ်လိုဖတ်ရသလဲ ဆရာ၊ စာဖတ်နည်းဆိုတာရှိသလား"ဟု မေးလာပါသည်။ ယခင်ကလည်း စာပေမိတ်ဆွေအချို့က အလားတူ မေးခွန်းမျိုး မေးခဲ့ကြဖူးပါသည်။

စာဖတ်နည်းအမျိုးမျိုးကို ပညာရှင်အသီးသီးက ညွှန်ပြခဲ့ကြသည်တွင် ဂမ္ဘီသာရပျို့လာ ရှင်မဟာရဋ္ဌသာရ၏ **"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ၊ အက္ခရာ ရှစ်သုံး၊ ဉာဏ်ရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့"** ဟူသော ဩဝါဒသည် တန်ဖိုးအရှိဆုံးဖြစ်သည်။ ထိုအက္ခရာရှစ်လုံးမှာ အကျဉ်းပြသော ပါဠိစကားများဖြစ်သည်။ အဓိပ္ပာယ်မှာ-

- သု - **သုဏေယျ၊ ကြားနာရာ၏။**
- စိ - **စိန္တေယျ၊ ကြံစည်ရာ၏။**
- ပု - **ပုစ္ဆေယျ၊ မေးမြန်းရာ၏။**
- ဘာ - **ဘာသေယျ၊ ပြောဆိုရာ၏။**
- ဝိ - **ဝိစာရေယျ၊ ဆင်ခြင်ရာ၏။**
- လိ - **လိခေယျ၊ ရေးသားရာ၏။**
- သိ - **သိက္ခေယျ၊ လေ့ကျင့်ရာ၏။**
- ဓာ - **ဓာရေယျ၊ နှုတ်ငုံဆောင်ရာ၏** ဟူ၍ ဖြစ်သည်။

ထိုအင်္ဂါရှစ်ပါးတို့မှာ စာဖတ်နည်း၏ အခြေခံဖြစ်သည်။ ယင်းတို့အနက် စာဖတ်၍ ကြားသိရသော ဗဟုသုတတို့ကို ကြံစည်ကြည့်ပြီးလျှင် မရှင်းလင်းသည်တို့ကို သူတစ်ပါးအား မေးမြန်း၍ ဆွေးနွေးပြောဆိုရာသည်။ သို့မှသာလျှင် အကောင်းအဆိုးတို့ကို ဆင်ခြင်ဝေခွဲနိုင်မည်ဖြစ်သည်။ ဤသို့ ဝေဖန်ပိုင်းခြားကြည့်ပြီးသော် စာ၏ အဓိပ္ပာယ်အနှစ်သာရတို့ကို ရေးမှတ်ခြင်း၊ ကျက်မှတ်ခြင်းတို့ကို ပြုလုပ်ရာသည်ဟု စာဖတ်နည်းကို ညွှန်ပြထားပေသည်။

အင်္ဂလိပ်စာရေးဆရာကြီး ဖရန်စစ်ဘေကွန်က "အချို့စာအုပ်များသည် မြည်းစမ်းရန်၊ အချို့စာအုပ်များက မျိုချရန်နှင့် အချို့စာအုပ်များကား ညက်ညက်ကြေအောင်ဝါးကာ အစာခြေရန်ဖြစ်သည်"ဟု စာဖတ်နည်းကို ဆိုမိန့်ခဲ့ဖူးသည်။

မြည်းစမ်းရန်ဆိုသည်က စာကို သာမန်ကာလျှံကာ ဖတ်သည့်ပုံစံ ဖြစ်သည်။ သို့သော် အချို့သော စာပေမိတ်ဆွေတို့ကထိုစာအုပ်ကိုပင်"ဖတ်ကြည့်ပါကောင်းတယ်" ဟု ထောက်ခံလျှင် ဖတ်ကြည့်လိုက်ပါ။ မိမိမကြိုက်လျှင် နောက်တစ်ခေါက်ထပ်ဖတ်ရန်မလိုပါ။ အင်မတန်ကောင်းသော စာအုပ်ကောင်းများကိုမူ အထပ်ထပ်ကျေညက်အောင် ဖတ်သင့်ကြောင်း ဆိုမိန့်ခြင်းပင်ဖြစ်သည်။

စာရေးဆရာ ဒါရိုက်တာကြီး ဦးသုခကလည်း စာပေဟောပြောပွဲများ၌ "စားပြီးထွေးထုတ်ပစ်ရသည့် ကွမ်းယာနှင့်တူသော အရည်မရ အဖတ်မရစာ၊ အရည်ချိုချိုကို သောက်ပြီး အဖတ်ကိုထွေးထုတ်ပစ်ရသည့် ကြံကဲ့သို့ အရည်သာရသောစာ၊ အရည်ပျော်လျှင်လည်း သောက်၍ချိုသည်၊ အဖတ်ဘဝမှာလည်း စား၍အရသာရှိသည့် ရေခဲမုန့်ကဲ့သို့ အရည်ရောအဖတ်ပါရသည့်စာ" ဟူ၍ စာသုံးမျိုးရှိကြောင်း ဥပမာများဖြင့် စာဖတ်နည်းသုံးမျိုးကို မကြာခဏ ဟောပြောခဲ့ဖူးပါသည်။

ဆိုလိုရင်းအချက်မှာ စာဖတ်သူအနေဖြင့် မိမိဘဝ ရည်မှန်းချက်ကို ဦးတည်အခြေခံပြီး အချို့စာအုပ်များကို မြည်းစမ်းကြည့်ရုံသာဖတ်ရန်၊ အချို့စာအုပ်များကို အလေးအနက် အသေးစိတ်မဟုတ်ဘဲ သာမန်မျှသာ ဖတ်ရန်နှင့်အချို့စာအုပ်များကိုမူ အလေးအနက်ထား၍ ဖတ်ရှုမှတ်သားရန်ဟူ၍ ဖြစ်သည်။ အလေးအနက်ထား ဖတ်ရှုမှတ်သားသင့်သော စာအုပ်ကို ဖတ်ပြီး ကျေနပ်နှစ်သက်မှုဖြစ်ရ၏။ ထိုသို့သော စာအုပ်မျိုးကို ရှာဖွေရွေးချယ် ဖတ်ရှုရုံသာမက စာအုပ်စင်မှာပါ သိမ်း ထားပြီး မကြာခဏ အထပ်ထပ်ဖတ်ရှုသင့်ပေသည်။

စာဖတ်သည်ဆိုသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးရှိသည်။ အချို့မှာ အတတ်ပညာတစ်ရပ်ရပ်ကို သင်ကြားတတ်မြောက်လို၍ ဖတ်သည်။ အချို့မူကား ဝါသနာအားလျော်စွာ စာပေအရသာကို ခံစားလို၍ အပျော်အဖြစ် ဖတ်ခြင်း၊ အဖော်အဖြစ် ဖတ်ခြင်းဖြစ်သည်။ ပထမ အမျိုးအစားတွင် စာသင်သားများ၊ စာရေးဆရာ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ သတင်းထောက်များစသည်တို့ ပါဝင်လေသည်။ ထိုသို့သော သူများမှာ စာပေဝါသနာရှိသော်လည်း စာပေအတွက် သက်သက်သာမက မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် ပေါက်ရောက်အောင်မြင်ရေးအတွက် စာဖတ်ကြခြင်းဖြစ်သည်။ ထိုသူများမှာ မရွေးမချယ် ရောက်ရာပေါက်ရာ စာအုပ်ကိုဖတ်နေ၍မဖြစ်။ မိမိတို့နှင့် သက်ဆိုင်သော စာအုပ်စာတမ်းများကို အသေအချာ အတိအကျ ရွေးချယ်၍ ထိုစာအုပ်များကိုသာ လက်စွဲပြု၍ ဖတ်ရှုလေ့လာရန် လိုသည်။

ဆရာကြီးဇေယျက **"မည်မျှကောင်းသောစားဖြစ်စေကာမူ စားသွေးကျောက်ပေါ်သို့ မတင်လျှင် စားသွားမထက်၊ စားကောင်းတစ်လက်မဖြစ်နိုင်၊ ကိုယ်ပိုင်ဉာဏ်သည် စားနှင့်တူသည်။ စာသည် စားသွေးကျောက်နှင့်တူသည်။ ကိုယ်ပိုင်ဉာဏ်မည်မျှကောင်းသည် ဖြစ်စေ၊ အထက်ဘဝဂ် အောက်အဝီစိထိအောင် အတွေးနက်သည် မှန်စေ စာဖတ်ခြင်းတည်းဟူသော စားသွေးကျောက်ပေါ်သို့ မတင်က စာကောင်းမဖြစ်နိုင်ကြောင်း သိရှိအပ်လေသည်"** ဟု 'စာရေးဆရာ စာဖတ်သလား' ဆောင်းပါးတွင် စာဖတ်ပျင်းသော စာရေးဆရာများ စာဖတ်လာစေရန် အသိပေးရေးသားထားပါသည်။

စာဖတ်ဝါသနာကို စာဖတ်စွဲမြဲခြင်း၊ စာပေမွေ့လျော်ခြင်းဟုလည်းခေါ်သည်။ စာဖတ်ခြင်း၌ စွဲမြဲရန်လိုအပ်သော်လည်း၊ စာကို အပျော်သဘော ဖတ်သလား၊ အဖော်သဘော ဖတ်သလား၊ အသိပညာ ဗဟုသုတ ကုံလုံကြွယ်ဝရန် အသုံးဖတ် ဖတ်သလားဟူ၍ မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ဖို့လိုသည်။

အင်္ဂလိပ် သမိုင်းဆရာကြီး ထရီဗယ်လျန်က "အလွန်ကြီးမားသော လူထုကြီးသည် စာဖတ်တတ်သည်။ သို့သော် ဖတ်သင့်ဖတ်ထိုက်သော စာကို မခွဲခြားနိုင်ချေ"ဟူ၍ဆိုခဲ့သည့်အတိုင်း စာဖတ်လိုသူများသည် ဖတ်သင့် ဖတ်ထိုက်သော စာအုပ်များကို ခွဲခြားရွေးချယ်၍ မှန်ကန်သော စာဖတ်နည်းဖြင့် စနစ်တကျ ဖတ်ရှုကြရန် တိုက်တွန်းလိုက်ရပါကြောင်း။ ။

မည်မျှကောင်းသော စားဖြစ်စေကာမူ စားသွေးကျောက်ပေါ်သို့ မတင်လျှင် စားသွားမထက်၊ စားကောင်းတစ် လက်မဖြစ်နိုင်၊ ကိုယ်ပိုင်ဉာဏ်သည် စားနှင့်တူသည်။ စာသည် စားသွေးကျောက် နှင့် တူသည်။ ကိုယ်ပိုင်ဉာဏ်မည်မျှကောင်းသည်ဖြစ်စေ၊ အထက်ဘဝဂ် အောက် အဝီစိထိအောင် အတွေးနက်သည် မှန်စေ စာဖတ်ခြင်းတည်း ဟူသော စားသွေးကျောက်ပေါ်သို့မတင်က စာကောင်းမဖြစ်နိုင်။

အမည်ပြောင်းလဲခေါ်ပါရန်

နမ့်ခမ်းမြို့၊ အထက(၂)၊ တတိယတန်းနေ မောင်ဒေါလ်ခေါင်အား မောင်ဒီးလွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဒီးလွန်

အမည်ပြောင်း

ဦးမြင့်ဦး၏သား မောင်ထက်မြတ်ကိုကို ၁၂/ဥကမ(နိုင်)၂၁၉၀၃၄အား ယနေ့မှစ၍ မောင်ထက်အောင်အောင်ဟု ခေါ်တွင်ပါရန်။

မောင်ထက်အောင်အောင်

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ အထက(၂) နဝမတန်း(B)မှ မိုင်နွေမိုးအေးနှင့် သတ္တမတန်း (E)မှ ဆလိုင်းဝဿန်အေး(ခ)အာရန်တို့၏ ဖခင်အမည်မှန်မှာ ဦးဆလိုင်းဇော်မင်းနိုင်၁၂/တတန(နိုင်)၁၃၁၇၃၈ဖြစ်ပါကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	တင်ဒါပိတ်ရက်
(က)	၁၅၆/မမ/CE	သုတ်ဆေးရောင်စုံ (6000-Gals)	20.8.2013
(ခ)	၁၅၇/မမ/CME	High Pressure Pump Motor 7.5 HP(2-Nos) 10 HP(2-Nos)& Motor Speed Control Device with 10 HP Motor (1-No)	6.9.2013
(ဂ)	၁၅၈/မမ/CME	အနွေးထည်(၄၄၉-ထည်)	6.9.2013

